# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၀၁)၊ ၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်၊ ၁-၁၀-၂၀၂၄၊ အင်္ဂါနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလ တည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၈/ ၂၀၂၄) ကြိမ်မြောက် အစည်းအဝေးက

# လျှပ်စစ်သုံးမော်တော်ယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းပါဝင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ရှစ်ခုကို ခွင့်ပြု



နေပြည်တော် စက်တင်ဘာ ၃၀

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၈/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၁၈) အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**လုပ်ငန်းအသစ်ရှစ်ခု ခွင့်ပြုပေး**

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်း တိုးမြှင့်ခြင်း အပါအဝင် စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ရှစ်ခုကို ခွင့်ပြုပေးခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၂၅၅ သန်းနှင့် ငွေကျပ် ၄၆၀၀၅ ဒသမ ၂၂၆ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၉၇၂ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယခုအစည်းအဝေးက ခွင့်ပြုပေးသည့်လုပ်ငန်းများတွင် နိုင်ငံတော်က အားပေးမြှင့်တင်လျက်ရှိသည့် လျှပ်စစ်သုံး မော်တော်ယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ပါဝင်သည်။

၂၀၂၄ ခုနှစ် ဩဂုတ်လကုန်အထိ မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ/ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြသည်။ စီးပွားရေးကဏ္ဍ ၁၂ ခုအနက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးဝင်ရောက်ထားသည့်ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၄၃ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၃၉ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၄၆ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီး ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များကို စိစစ်ခွင့်ပြုခြင်းကို လည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၃၀**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာအညွှန်း


မဟာသကျမာရဇိန် ကျောက်တော်ကြီး ဘုရားပွဲတော်ရက်မတိုင်မီကတည်းက စည်ကား

စာမျက်နှာ ၁၃

မဲခေါင်-လန်ချန်း သစ်သီးပွဲတော် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် လာရောက်ကျင်းပ

စာမျက်နှာ ၁၄

တောင်ကိုရီးယားနိုင်ငံမှ သုတေသီများ အသက်ရှည်ဆေး ရှာတွေ့ပြီ

စာမျက်နှာ ၁၈

၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက် ၊ အင်္ဂါနေ့။

## အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့

၂၀၂၄ခုနှစ်၊ အောက်တိုဘာ (၁) ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ဖြစ်သည်။ယခုနှစ် ဆောင်ပုဒ်မှာ"သက်ကြီးပုဂ္ဂိုလ်များ ဂုဏ်သိက္ခာရှိစွာရပ်တည်ရေး ကမ္ဘာအနှံ့ဘက်စုံပြုစုစောင့်ရှောက်ပေး" ဖြစ်သည်။

အသက် ၆၀အထက်ကို သက်ကြီးပုဂ္ဂိုလ်ဟု ကုလသမဂ္ဂနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသည့် ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာ ၁၄ရက်နေ့တွင် ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံက ဆုံးဖြတ်ချက် ချမှတ်သည့် အောက်တိုဘာလ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ဟု သတ်မှတ်ခဲ့သည်။

မြန်မာမှုနယ်ပယ်တွင် "အိုမင်းမစွမ်း" ဆိုသော အသုံးအနှုန်းရှိသည်။ အသက်အရွယ်ကြီးရင့်အိုမင်းလာသောအခါ ကာယ၊ ဉာဏ အဘက်ဘက်က စွမ်းဆောင်နိုင်မှု လျော့ပါးကျဆင်းသွားသည်ကို ဆိုလိုခြင်းဖြစ်သည်။ အသက်အရွယ်ကြီးရင့်လာသူတို့သည် ဤကဲ့သို့ စွမ်းဆောင်နိုင်မှု လျော့ပါးကျဆင်းသွားသည်နှင့်အမျှ စိတ်ဓာတ်ပိုင်းအရလည်း ယေဘုယျအားဖြင့် အားလျော့လာတတ်သည်။ ထိုအခါမျိုး ရွယ်သန်စွမ်းသူများက သက်ကြီးရွယ်အိုများကို အားပေးကူညီဖို့လိုအပ်သည်။

သက်ကြီး အဘိုးအဘွားများသည် လူငယ်များ၏ ကျေးဇူးရှင်များဖြစ်သည်။ အဘိုး အဘွားတို့လက်ဆင့်ကမ်းခဲ့သော အသိတို့ကို ရရှိခြင်းကြောင့်ဖြစ်သည်။ အဘိုး အဘွားတို့ ဖောက်သောလမ်းကို လျှောက်ခဲ့ရသည်။ အဘိုး အဘွားတို့စိုက်ပျိုးခဲ့သော အသီးအပွင့်များကို စားသုံးခဲ့ရသည်။ ဤသို့ကျေးဇူးကြီးမားသော အဘိုး အဘွားများအား လူငယ်များက ရိုသေလေးစားကြရမည်ဖြစ်သည်။ သက်ကြီးရွယ်အိုများ ဘဝသာယာစိုပြည်စေရန် ကြိုးပမ်းရင်း အဘိုး အဘွားများ၏ ကျေးဇူးကို တုံ့ပြန်ရမည်လည်းဖြစ်သည်။

နိုင်ငံတော်အနေဖြင့် သက်ကြီးပုဂ္ဂိုလ်များ၏အရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ လွန်ခဲ့သောနှစ်ပေါင်းများစွာက ဒေါ်ဦးဌွန်း၏ ကုသိုလ်ကောင်းမှုမှ အစပြုကာ ဘိုးဘွားရိပ်သာများပေါ်ပေါက်လာခဲ့သည်။ နိုင်ငံတော်အစိုးရသည် သက်ကြီးပုဂ္ဂိုလ်များ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစီမံချက်များ ချမှတ်ကာဆောင်ရွက်လျက်ရှိသည်။ လူ့ဘုံလောကတွင် ကြီးသူ၊ ငယ်သူဟူ၍ရှိပြီး အိုသူ၊ ပျိုသူဟူ၍လည်းရှိသည်။ ငယ်ရွယ်သူကို ကြီးသူကလမ်းပြ၍ အိုရွယ်သူများကို ပျိုသူက ဖေးမကူညီရမည်မှာ လောကဓမ္မတာဖြစ်သည်။

သို့ဖြစ်ရာ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့မှစတင်ကာ ဘိုးဘွားများ၏ လူ့ဘုံလောကအတွက် ဆောင်ရွက်ခဲ့သော ကျေးဇူးတရားများကို စာနာထောက်ထားခြင်းဖြင့် သက်ကြီးပုဂ္ဂိုလ်များ၏ ဘဝနေဝင်ချိန်တွင် ကျန်းမာပျော်ရွှင်စွာဖြတ်သန်းသွားလာနိုင်ရေးအတွက် စေတနာ၊ မေတ္တာအပြည့်ဖြင့် ကူညီဖြည့်ဆည်းပေးကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ရတနာပုံမန္တလေးမြို့တည်နန်းတည် မင်းတုန်းမင်းတြားကြီး နတ်ပြည်စံသက် (၁၄၆) နှစ်မြောက် မတကာဘတ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်



**မန္တလေး စက်တင်ဘာ ၃၀**

ရတနာပုံမြို့တည် နန်းတည် မင်းတုန်းမင်းတြားကြီးသည် မြန်မာသက္ကရာဇ် ၁၂၄၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၆ ရက်တွင် နတ်ပြည်စံခဲ့ရာ ၂၀၂၄ ခု အောက်တိုဘာ ၈ ရက်တွင် (၁၄၆)နှစ် ပြည့်မြောက်မည်ဖြစ်ပြီး မတကာဘတ်ဆွမ်းဆက် ကပ်လှူဒါန်းမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုန်းဘောင်ဆက် မောင်နှမများထံက သိရသည်။

ထိုနတ်ပြည်စံသောရက်တွင် မတကာဘတ်ဆွမ်းဆက်ကပ် လှူဒါန်းမှုအား ၂၀၁၅ ခုနှစ်မှ စတင်ကာ ကုန်းဘောင်ဆက် မောင်နှမများက ဦးစီးစီစဉ်ကာ ပြန်လည်ကျင်းပဆောင်ရွက်ခဲ့သည်။၂၀၁၆ ခုနှစ်မှစတင်ပြီး ၂၀၁၉ ခုနှစ် အထိ မန္တလေးနန်းမြို့အတွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီးတွင် အခမ်းအနားကျင်းပကာ ဆရာတော်၊ သံဃာတော်များအား ပင့်ဖိတ်ပြီး ဆွမ်းကပ်လှူကာ ပူဇော်ပွဲကျင်းပနိုင်ခဲ့သည်။ ၂၀၂၀ပြည့်နှစ်မှသည် ၂၀၂၂ ခုနှစ်များတွင် ကိုဗစ်ရောဂါဖြစ်ပွားနေသောကြောင့် မြနန်းစံကျော်ရွှေနန်းတော်တွင် မကျင်းပတော့ဘဲ မဟာဓမ္မိကာရာမတိုက် ရွှေကျောင်းတိုက်မကြီးတွင် သံဃာတော်များဆွမ်းဆက်ကပ်ခြင်း ဆောင်ရွက်ခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းအပြင် မြနန်းစံကျော်ရွှေနန်းတော်တွင် ဓမ္မအလှူအဖြစ် ဓမ္မသဘင် ဆင်ယင်ကျင်းပခဲ့ကြသည်။

"ယခုနှစ်ကတော့ ဓမ္မိကာရာမရွှေကျောင်းတိုက်မကြီးမှာ ဆွမ်းဆက်ကပ်ပြီး ရေစက်ချအမျှဆက်သပွဲဆောင်ရွက်ပါမယ်။ ဆွေတော်မျိုးတော်များက ဒီရက်ဒီအခါမှာ ဒီလိုကျေးဇူးဆပ်ကြမယ်ဆိုပြီး စုပေါင်းဆောင်ရွက်ကြတာပါ။ ဒီနှစ်က ကုန်းဘောင်ဆက်မောင်နှမများအနေနဲ့ မတကာဘတ်ဆွမ်းဆက်ကပ်ခြင်းကို ပြန်လည်ဆောင်ရွက်တာ ၁၀ နှစ်ပြည့်တဲ့ နှစ်ဖြစ်ပါတယ်။ အခက်အခဲတွေကြားထဲက ဖြစ်မြောက်အောင် နှစ်စဉ်ဆောင်ရွက်သွားမှာပါ" ဟု ကုန်းဘောင်ဆက် မောင်နှမများထဲမှ ထိပ်တင်အောင်က ပြောသည်။

ပါဝင်လှူဒါန်းလိုပါက ကုန်းဘောင်ဆက်မောင်နှမများဖြစ်သော ထိပ်တင်နှင်း ၀၉-၄၀၂၅ ၈၅၃၅၈၊ ထိပ်တင်အောင် ၀၉-၄၅၀၀၂၈၉၈၁ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ရွှေမန်း)

## မန္တလေးဆရာအတတ်သင်သိပ္ပံ၊ ပညာရေးကောလိပ် (၁၈)ကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲကျင်းပရေး ဆွေးနွေး

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေးဆရာအတတ်သင်သိပ္ပံ၊ ပညာရေးကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်း များ၏ (၁၈)ကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲကျင်းပရေးညှိနှိုင်းအစည်းအဝေးကိုစက်တင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီက ကျောင်း အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါ်မိုးမိုးကြည်၊ ဒုတိယ ကျောင်းအုပ်ကြီးနှင့် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းထွန်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာကျော်မြင့်၊ အတွင်းရေးမှူး ဦးချစ်ကိုလေးနှင့်ဖြစ်မြောက်ရေး ကော်မတီဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပညာရေး ဒီဂရီကောလိပ်ကျောင်းအုပ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းထွန်းထွန်းက (၁၈)ကြိမ်မြောက်ဆရာအတတ်သင်သိပ္ပံ၊ ပညာရေးကောလိပ်အာစရိယပူဇော်ပွဲ အောင်မြင်စွာကျင်းပရေးဆိုင်ရာများကိုလည်းကောင်း၊ အတွင်းရေးမှူးဦးချစ်ကိုလေးက အလှူငွေကောက်ခံရေးဆိုင်ရာများကို တင်ပြဆွေးနွေးသည်။

မန္တလေးဆရာအတတ်သင်သိပ္ပံ၊ ပညာရေးကောလိပ်ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၈)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၂၄ခုနှစ် ဒီဇင်ဘာ (၂၉) ရက်တွင် ပညာတန်ဆောင်ခန်းမတွင် ကျင်းပမည်ဖြစ်ရာ သင်တန်းသား၊ သင်တန်းသူဟောင်းများ အလှူငွေများထည့်ဝင်ကြရန် မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီကနှိုးဆော်ထားသည်။

(အောက်ပုံ) (၀၄၅)





## စာရင်းစစ်၊ စာရင်းကောက်သင်တန်းသားများ လက်တွေ့ကွင်းဆင်းကောက်ယူခြင်း ဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၌ မြို့နယ်သန်းခေါင်စာရင်း ကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်သင်တန်းကို စက်တင်ဘာ ၁၇ ရက်က အမှတ်(၂၆)၊ အခြေခံပညာအထက်တန်းကျောင်း တကောင်းသစ္စာခန်းမတွင် စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီးနောက် စက်တင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းတွင် သင်တန်းသား၊ သင်တန်းသူများက မြေပြင်လက်တွေ့ကောက်ယူခြင်းလုပ်ငန်းများကို မြို့ပေါ်ရပ်ကွက်များတွင် လက်တွေ့ကွင်းဆင်းကောက်ယူခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေး ကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်နှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းထွန်းနှင့် ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်များရှိ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ ဦးဆောင်မှုဖြင့်စာရင်းစစ်၊ စာရင်းကောက်သင်တန်းသားများက Mobile Tablet များအား အသုံးပြု၍ မြို့ပေါ်ရပ်ကွက်များအတွင်း လက်တွေ့ကွင်းဆင်းကောက်ယူခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(ချမ်းမြေ့)

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့်အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေး ကချင်ပြည်နယ် ဒေသဆိုင်ရာလုပ်ငန်းကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

မြစ်ကြီးနား စက်တင်ဘာ ၃၀

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ယနေ့ နံနက်ပိုင်းတွင် ကချင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခ ခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် ဦးဆောင်သော ပြည်နယ်အစိုးရ အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။(ယာပုံ)



## ကြိုးစားဆောင်ရွက်

တွေ့ဆုံစဉ် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက် ရေးအတွက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန် မှာကြားချက်များကို အောင်မြင်စွာ လိုက်နာအကောင် အထည်ဖော်နိုင်ရေးနှင့် အဓိက ရည်မှန်းချက်ဖြစ်သော ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင် ရေးအတွက် တစ်ဆက်တစ်စပ် တည်းဆောင်ရွက်ရသော လူဦးရေ နှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းကို ဒေသတွင်း တည်ငြိမ် အေးချမ်းစွာ ကောက်ယူနိုင်ရေး အလေးအနက်ထား ကြိုးစား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အများပြည်သူနှင့် သက်ဆိုင်သော ဥပဒေ၊ နည်းဥပဒေများအပေါ် နိုင်ငံသားတိုင်း သိသင့်၊ သိထိုက် သည်များကို ကျောင်းသားကလေး အရွယ်မှစတင်၍ ဝန်ထမ်းများ အပါအဝင် အရွယ်ရောက်ပြီး သူတိုင်း သိရှိနားလည်နိုင်ရေး အသိပညာပေး ဆောင်ရွက်သွား ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံသားတိုင်း ဥပဒေကို လေးစား လိုက်နာပြီး ပိုကောင်းသည့် ပတ်ဝန်းကျင်များကို ဖန်တီးနိုင် မည်ဖြစ်ကြောင်း၊ စာဖတ်ရှိန် မြှင့်တင်ရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက် ရေးအတွက် လိုအပ်သည်များ ကို ပွင့်လင်းရင်းနှီးစွာ တင်ပြ ဆွေးနွေးပေးကြစေ လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီး ချုပ်က ပြည်နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်း အရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းစဉ်(၄)ရပ် အပါအဝင် အောက်တိုဘာ ၁ ရက် မှစတင်၍ ခရိုင်၊ မြို့နယ်များ အလိုက် သန်းခေါင်စာရင်း ကောက်ယူသွားမည့် အစီအမံများ၊ ဒေသဝမ်းစာ ဖူလုံရေးအတွက် ဆန်ဖူလုံမှုနှင့် ဒေသတွင်းစားဆီ ဖူလုံရေးအတွက် ငါးနှစ်စီမံကိန်း ချမှတ်ဆောင်ရွက်နေမှု၊ နိုင်ငံ့ စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ပထမ နှစ်စက်ဝန်းဖြင့် အိမ်ထောင်စု ၃၀၀၀၀ ကျော်ကို ရင်းနှီးမတည် ပေးနိုင်ခဲ့မှု၊ ဒုတိယနှစ်စက်ဝန်းဖြင့် ချေးငွေလည်ပတ်နေမှုနှင့် စက်သုံး ဆီနှင့် အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန် ပစ္စည်းများ တင်သွင်းနေမှု အခြေ အနေများကို ရှင်းလင်းတင်ပြ သည်။

ယင်းနောက် ပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရ အဖွဲ့ဝင်များက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးတင်ပြကြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် က လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် သည် အဆိုပါ အစည်းအဝေး ခန်းမ၌ ဆက်လက်ကျင်းပသည့် ကချင်ပြည်နယ်အတွင်း နယ်စပ် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရေး ကချင်ပြည်နယ် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ နှင့် လုပ်ငန်းဆပ်ကော်မတီများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် က နယ်စပ်ဒေသများ လမ်းပန်း ဆက်သွယ်ရေး ကဏ္ဍဖွံ့ဖြိုး တိုးတက်မှုနှင့်အတူ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး ကဏ္ဍစသည့် လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးနှင့် သက်ဆိုင်သော ကဏ္ဍများကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်း ဆောင်ရွက်ရန် တိုက်တွန်း မှာကြားသည်။

## ဖြေရှင်းဆောင်ရွက်ပေး

ထို့နောက် ပြည်နယ်ဝန်ကြီး ချုပ်က နယ်စပ်ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြည်နယ် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ နှင့် ဆပ်ကော်မတီများ ဖွဲ့စည်းပြီး ဘဏ္ဍာနှစ်အလိုက်၊ လုပ်ငန်းကဏ္ဍ အလိုက် ပြည်နယ်ရန်ပုံငွေ၊ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေများ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေ များကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းဆပ်ကော်မတီ ဥက္ကဋ္ဌများ ဖြစ်သည့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် သက်ဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီအလိုက် အကောင်အထည်ဖော် ဆောင်ရွက် သွားမည့် လျာထားလုပ်ငန်းစီမံ ကိန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြကြရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က လုပ်ငန်း လိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဖြေရှင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။ **သတင်းစဉ်**

---

# "(၂၀၂၄)ခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့" အထိမ်းအမှတ် အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၃၀

(၂၀၂၄) ခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်း အမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) Meeting Hall ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဆေးကောင်စီ၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံ တိုင်းရင်း ဆေးကောင်စီ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နေပြည်တော် ပြည်ထောင်စု နယ်မြေအတွင်းရှိ ဆေးရုံများမှ ဆေးရုံအုပ်ကြီးများ တက်ရောက်ကြသည်။



## အကောင်အထည်ဖော်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ တစ်ဝန်းတွင် နှလုံးနှင့်နှလုံးသွေးကြောရောဂါများ ကြောင့် နှစ်စဉ်လူဦးရေ ၂၀ ဒသမ ၅ သန်းကျော် သေဆုံးနေရပြီး သေဆုံးမှု၏ ၈၅ ရာခိုင်နှုန်းသည် ရုတ်တရက်နှလုံးရပ်ခြင်း၊ ဦးနှောက်သွေးကြောပိတ် ခြင်း၊ ဦးနှောက်သွေးကြောပေါက်ခြင်းနှင့် လေဖြတ် ခြင်းတို့ကြောင့် သေဆုံးနေရခြင်းဖြစ်သည်ကို ကမ္ဘာ့ နှလုံးကျန်းမာရေးဖက်ဒရေးရှင်း၏ အချက်အလက် များအရ သိရှိရကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ပြည်သူလူထုအတွင်း နှလုံးနှင့်နှလုံးသွေး ကြောရောဂါများအပါအဝင်အခြားမကူးစက်နိုင်သော ရောဂါများ ဖြစ်ပွားသေဆုံးမှုကို လျှော့ချနိုင်ရေး အတွက် မကူးစက်နိုင်သောရောဂါများ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း (၂၀၂၃-၂၀၂၇)ကို ရေးဆွဲပြီး ရောဂါကာကွယ် ကုသရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

## ဦးစားပေးဆောင်ရွက်

နှစ်စဉ် စက်တင်ဘာ ၂၉ ရက်တွင် ကျရောက် သည့် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့တွင် ဗဟို၊ တိုင်း ဒေသကြီး၊ ပြည်နယ်နှင့်မြို့နယ်များတွင် အထိမ်း အမှတ်အခမ်းအနားများ၊ လှုပ်ရှားမှုများကို ကျင်းပပြီး ပြည်သူလူထုအတွင်း နှလုံးကျန်းမာရေးနှင့် ပတ်သက်၍ ကျန်းမာရေးအသိပညာ မြင့်မားစေရေး အတွက် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုနှစ် ကမ္ဘာ့နှလုံး ကျန်းမာရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်မှာ **"Use Heart for Action"** ဖြစ်ပြီး **"နှလုံးအစဉ် ကျန်းမာဖို့ သိဉာဏ်ဆင်ခြင် ဆောင်ရွက်စို့"**ဟု မြန်မာဘာသာ ပြန်ဆိုထားပြီး ပြည်သူလူထုအတွင်း မိမိတို့နှလုံး ကျန်းမာရေးအတွက် အသိဉာဏ်ဖြင့် ဆင်ခြင်ပြီး ရောဂါမဖြစ်အောင် အစဉ်သတိဖြင့် စောင့်ရှောက် နေထိုင်သွားရန်နှင့် မူဝါဒရေးဆွဲချမှတ်သူများ အနေ ဖြင့်လည်း နှလုံးသွေးကြောရောဂါများ ကာကွယ် ထိန်းချုပ်ခြင်းအတွက် ဦးစားပေးဆောင်ရွက်ကြရန် တိုက်တွန်းလိုခြင်းဖြစ်ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက် ဒေသမှ ပြည်သူများ လက်လှမ်းမီစေရေးအတွက် ဆီးချိုသွေးချိုနှင့် သွေးတိုးရောဂါဆေးကုသမှု ဆေးခန်းများကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်းဖွင့်လှစ်၍ စစ်ဆေးကုသပေးလျက်ရှိကြောင်း၊ ကုသမှုအတွက် လိုအပ်သော မကူးစက်နိုင်သော ရောဂါကာကွယ် နှိမ်နင်းရေးလုပ်ငန်းသုံး အခြေခံဆေးဝါးနှင့် ဆေး ပစ္စည်းများ ပြတ်လပ်ခြင်းမရှိအောင် ကျန်းမာရေး ဝန်ကြီးဌာနမှ ရန်ပုံငွေကျပ် သန်းပေါင်းများစွာ အကုန်အကျခံ ဝယ်ယူဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ကျန်းမာရေးဌာနများမှ နှလုံးနှင့် နှလုံးသွေးကြော ရောဂါ ကာကွယ်ကုသရေးဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှုများ ပေးလျက်ရှိသကဲ့သို့ ပြည်သူ တစ်ဦးတစ်ယောက်ချင်းအနေဖြင့် မိမိ၏ နှလုံး ကျန်းမာရေးအတွက် မိမိကစပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် နေထိုင်မှုပုံစံကို အသိဉာဏ်ဖြင့် ဆင်ခြင်နေထိုင်သွားကြရန် အလေးထားတိုက်တွန်း ပြောကြားသည်။

## ဆရာဝန်များအတွက် လက်စွဲစာအုပ်ပေးအပ်

ထို့နောက် (၂၀၂၄)ခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေး နေ့အထိမ်းအမှတ်ဗီဒီယိုပြသပြီး ပြည်သူ့ကျန်းမာ ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် နှလုံးသွေး ကြောရောဂါကာကွယ်ထိန်းသိမ်းရေး စီမံချက်နှင့် ဆီးချိုသွေးချိုထိန်းသိမ်းရေးစီမံချက်တို့မှ စီမံချက် မန်နေဂျာများက နှလုံးနှင့် နှလုံးသွေးကြောရောဂါ ကာကွယ်ကုသမှုဆိုင်ရာ ဆရာဝန်များအတွက် လက်စွဲစာအုပ်ကို ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။(ဓာတ်ပုံ)

မွန်းလွဲပိုင်းတွင် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ်အစီအစဉ်တစ်ရပ်အဖြစ် နှလုံးနှင့်နှလုံး သွေးကြောရောဂါကာကွယ်ကုသမှုဆိုင်ရာ ဗဟိုအဆင့် မွမ်းမံသင်တန်းဖွင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်း ဒေသကြီးနှင့်ပြည်နယ်များမှ သင်တန်းသားများ တက် ရောက်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့မှုဖြစ်ပေါ်ခဲ့သည့် စမုံရာဘာရေလွှဲဆည်နှင့် ရေတင်အဆောက်အအုံများ ကြည့်ရှုစစ်ဆေး





နေပြည်တော် စက်တင်ဘာ ၃၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညနေပိုင်းက မန္တလေးတိုင်းဒေသကြီးအတွင်း ရေကြီး ရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စမုံရာဘာရေလွှဲဆည်နှင့် ရေတင်အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးကြသည်။

### ရှင်းလင်းတင်ပြ

ထိုသို့ကြည့်ရှုစဉ် ဆည်မြောင်းနှင့်ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာန တာဝန်ရှိသူများက မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းခဲ့မှုများကြောင့် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ကင်းတား ရေလှောင်တမံနှင့် မြို့ကြီး ရေလှောင်တမံများ၏ ရေဆင်းဧရိယာ နေရာအနှံ့အပြားမှ ရေများအလုံးအရင်းဖြင့် စီးဆင်းဝင်ရောက်လာခဲ့ပြီး မြို့ကြီးရေလွှဲဆည်၊ မြို့ကြီးမြောင်းမတော် အမှတ်(၁)နှင့် စမုံရေထိန်းတမံ၊ စမုံရာဘာတမံများ၊ ရေတင်စက်များ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့်အခြေအနေ၊ ကင်းတား လက်ယာ ရေသောက်စနစ်ရှိ စိုက်ပျိုးမြေဧရိယာ ၃၈၄၂၈ ဧကကို ရေကူဖြည့်တင်းပေးဝေလျက်ရှိသည့် မြို့ကြီးရေလွှဲဆည်၏ မြေကာနံရံများ၊ ကျောက်ကွက်များ ပြိုကျပျက်စီးခဲ့မှုနှင့် မြို့ကြီးမြောင်းမတော် အမှတ် (၁) ပြန်လည်ပြင်ဆင်မှုများ လုပ်ဆောင်ရန် လိုအပ်ချက်များ၊ ဆက်စပ် အဆောက်အအုံများ၊ ရှင်းလင်းဆောင်နှင့်ဝန်ထမ်းအိမ်ရာ အဆောက်အအုံများ ရေနစ်မြုပ်ခဲ့မှု၊ ရေပြန်ကျပြီးနောက် စမုံရာဘာတမံ ဝဲ၊ ယာရှိ မြေကာနံရံများ ပြိုကျပျက်စီးပြီး ရေတင်စက်ရုံ Pump House အဆောက်အအုံရေစီးနှင့်အတူ မျောပါသွားခဲ့မှု၊ စမုံရာဘာတမံထိခိုက်ပျက်စီးခဲ့သဖြင့် မိတ္ထီလာလွင်ပြင်ဒေသရှိ စိုက်ပျိုးမြေဧရိယာဧက ၈၀၀၀ သို့ စိုက်ပျိုးရေ ပံ့မှန်ပြန်လည်ပေးဝေနိုင်ရေးအတွက် အချိန်မီပြန်လည်ပြုပြင်ရန် လိုအပ်ချက်များ၊ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ကင်းတားလက်ဝဲမြောင်းမကြီး၊ စမုံရေငုပ်ပြွန်အဆောက်အအုံ၏ အထက်ပိုင်းတွင် ပြင်ဆင်၍ မိုးသီးနှံရေပေးဝေနိုင်ရေး အမြန်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကင်းတား လက်ဝဲမြောင်းမကြီး၏ စမုံမြစ်ဖြတ်နေရာတွင် ရေငုပ်ပြွန်အသစ်တစ်ခုဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်နေမှု၊ စမုံရေငုပ်ပြွန်အောက်ပိုင်းရှိ လက်တံ(၉)နှင့် လက်တံ (၁၀) တို့ရှိ မိုးသီးနှံလျာထားဧက ၂၅၀၀ ခန့်ကို စမုံမြစ်မှ ရေတင်စနစ်ဖြင့် ကင်းတား လက်ဝဲမြောင်းသို့ ရေပေးဝေနိုင်မည့် နည်းလမ်းရှာဖွေ၍ အမြန်ဆုံးဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

### ဖြည့်စွက်ဆွေးနွေး

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများက ဦးစားပေးလုပ်ငန်းများ သတ်မှတ်ပြီး ရာသီအချိန်မီ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ချက်များ၊ ဘဏ္ဍာရေးဆိုင်ရာနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရနှင့် ပြည်ထောင်စုဝန်ကြီးဌာနတို့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန် ကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေး မှာကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး ရေတင်အဆောက်အအုံ အမြင့် ၁၄ ပေခန့်အထိ ရေကြီးနစ်မြုပ်ခဲ့မှု၊ ထိခိုက်ပျက်စီးခဲ့သည့် ၄၀ ကျူးဆက်ပန့် လေးလုံး ပြုပြင်ပြီးစီးမှု၊ ၂၈၀ ကီလိုဝပ် ရေတင်မော်တာ လေးလုံး ပြုပြင်နေမှု၊ ကွန်ထရိုးပန်နယ် ပြန်လည်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ထရန်စဖော်မာများ ပြုပြင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

စက်တင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်ရှိ မိတ္ထီလာ - ကျောက်ပန်းတောင်း ကားလမ်းဘေးဝဲယာ စိမ်းလန်း စိုပြည်ရေးအတွက် ဒေသ မျိုးရင်းသစ်မျိုးများဖြင့် ၂၀၂၄ မိုးရာသီတွင် တည်ထောင်စိုက်ပျိုးခဲ့သော လမ်းဘေးဝဲယာ တစ်အုပ်တစ်မစိုက်ခင်း အပင် ၁၅၀၀ နှင့် တစ်အုပ်တစ်မ စိုက်ခင်း အပင် ၁၀၀၀ တို့၏ ရှင်သန်အောင်မြင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စိုက်ပျိုးထားသော အပင်များ ရေရှည်တည်တံ့အောင် ထိန်းသိမ်း စောင့်ရှောက်သွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့နယ်ရှိ မြို့မသစ်တော ပျိုးဥယျာဉ်၌ သစ်မျိုး ၁၁ မျိုးဖြင့် ပျိုးပင် ၁၂၀၀၀၀ ကျော် ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမှုနှင့် စက်ရေတွင်းတူးဖော်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၃၀

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဒုတိယဝန်ကြီး ဒေါ်နုမြဖိ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ရွှေစည်းခုံစေတီတော်၌ ကျင်းပသည့် နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်လမ်းညွှန်ချက်ပါ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိရွှေစည်းခုံဘုရားအထွေထွေပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ရေရှည်တွင် စနစ်တကျ ဆောင်ရွက်နိုင်ရေးဘက်စုံလွှမ်းခြုံသောအစီအစဉ် Master Plan ရေးဆွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

### Master Plan ရေးဆွဲရေးလုပ်ငန်း

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက Master Plan ရေးဆွဲရေးလုပ်ငန်းသည် အလွန်အရေးကြီးသောကြောင့် ဘက်စုံထောင့်စုံပြီးပြည့်စုံအောင် ဆွေးနွေးမှုများ အကြိမ်ကြိမ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် Master Plan ရေးဆွဲပြီးစီးရမည်ဖြစ်သောကြောင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် Final ပြီးစီးနေရမည် ဖြစ်ကြောင်း၊ ယမန်နေ့ အစည်းအဝေးဆွေးနွေးမှု ရလဒ်များအပေါ် မူတည်၍ ဆက်လက်ဆွေးနွေး အကြံပြုပေးရန်၊ ယခုရေးဆွဲမည့် Master Plan ကို ပြည့်ပြည့်စုံစုံ မြန်မြန်ဆန်ဆန် ရေးဆွဲပြီးစီးနိုင်ရေး ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ရွှေစည်းခုံစေတီတော် အထွေထွေပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ရေရှည်တွင် စနစ်တကျဆောင်ရွက်နိုင်ရေး ဘက်စုံလွှမ်းခြုံသော အစီအစဉ် Master Plan ရေးဆွဲရေးနှင့်ပတ်သက်၍ ပူးပေါင်းပါဝင်အားဖြည့်ဆောင်ရွက်မည့် အခြေအနေကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးက ဘက်စုံလွှမ်းခြုံသော အစီအစဉ် Master Plan ရေးဆွဲရေးနှင့်ပတ်သက်၍ လည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဘက်စုံလွှမ်းခြုံသော အစီအစဉ် Master Plan ရေးဆွဲနိုင်ရေး ပထမရက် အစည်းအဝေးဆွေးနွေးခဲ့မှု အခြေအနေနှင့် အချက်အလက်များကို လည်းကောင်း ဆွေးနွေးတင်ပြကြရာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေး အပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ရှေးဟောင်း အဆောက်အအုံ အမှတ်-၂၃၅(သိကြားပုန်းဘုရား) အား အိန္ဒိယနိုင်ငံ Archaeological Servey in India (ASI) အဖွဲ့က ဆောင်ရွက်ထားသည့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ ဘုရားဝန်းကျင်ရှိ ကားရပ်နားရန်နေရာချဲ့ထွင် ဆောင်ရွက်နေမှုနှင့် လမ်းညွှန်ချက်အပေါ် ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ကျောက်ပန်းတောင်းမြို့နယ် ဆည်ပေါက်အင်ချောင်းကျေးရွာတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အကူအညီဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် စက်ရေတွင်း သုံးတွင်းတူးဖော်နေမှုကို လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန အကူအညီဖြင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် အင်တောကျေးရွာ စက်ရေတွင်းနှစ်တွင်း တူးဖော်ပြီးစီးမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒေသခံများ အနေဖြင့်လည်း ကိုယ်ထူကိုယ်ထ စနစ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ပေးရန် မှာကြားသည်။

ထို့နောက်ကျောက်ပန်းတောင်းမြို့ သီရိမင်္ဂလာရပ်ကွက်ရှိမြို့တော်ခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများနှင့်တွေ့ဆုံ၍ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောက်ပန်းတောင်းမြို့နယ် ရေရရှိရေးနှင့် ပုပ္ပါးဒေသ သာယာလှပရေး အတွက် သက်ဆိုင်ရာအစိုးရဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် ပုဂံရှေးဟောင်းအမွေအနှစ်ဒေသရှိ ဗူးဘုရားအား သွားရောက်ဖူးမြော် စေတီတော်ရင်ပြင်အောက်ခြေမြစ်ကမ်းပါးရေတိုက်စားခဲ့မှုနှင့် အရေးပေါ်ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေး





**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့ နံနက်ပိုင်းက ပုဂံရှေးဟောင်းအမွေအနှစ်ဒေသရှိ ဧရာဝတီမြစ်ကမ်း၌ ပျူစောထီးမင်း တည်ထားကိုးကွယ်သော ဗူးဘုရားအား သွားရောက်ဖူးမြော်ပြီး ဗူးဘုရားစေတီတော်ရင်ပြင်အောက်ခြေ မြစ်ကမ်းပါးရေတိုက်စားခဲ့မှုအခြေအနေနှင့် အရေးပေါ်ကာကွယ်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဗူးဘုရားစေတီတော်သို့ ရောက်ရှိပြီး ဗူးဘုရားအားဖူးမြော်ကြည်ညိုကာ ဂေါပကအဖွဲ့ထံ အလှူငွေများ လှူဒါန်း၍ စေတီတော်အား လှည့်လည်ပူဇော်ကြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုးသည်းထန်စွာ ရွာသွန်းခဲ့၍ ရေကြီးရေလျှံမှုကြောင့် စေတီတော်ရင်ပြင်အောက်ခြေမြစ်ကမ်းပါးရေတိုက်စားကာ မြေသားများ ပြိုကျပျက်စီးခဲ့မှုနှင့် အရေးပေါ်ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများက ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးရေစားချောက် ရေစီးချောင်း ၂ခု ဖြစ်ပေါ်ခဲ့မှု၊ အရေးပေါ်ယာယီကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေရှည်တွင် ပိုမိုခိုင်ခံ့သော ဘိုးပိုင်အခြေပြုကျောက်စီမြေထိန်းနံရံ တည်ဆောက်သွားမည့်အစီအမံများအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေတိုက်စားမှုကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းအား အချိန်နှင့်တစ်ပြေးညီ ပြီးစီးရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထည့်သွင်းတွက်ချက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရန်တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်းနှင့် ရှင်းလင်းတင်ပြမှုအပေါ်လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)





## ဆေးဖက်ဝင် ဗမာသံပရာသီးများ ဈေးကောင်းရရှိကာ အရောင်းအဝယ်များ သွက်လက် ကောင်းမွန်

**မန္တလေး စက်တင်ဘာ ၃၀**

ပြည်တွင်းစားသုံးမှုများပြားသည့် ဈေးကွက်ခိုင်မာလျက်ရှိသော မြန်မာ့ထွက်ကုန်ဆေးဖက်ဝင် ဗမာသံပရာသီး(မန္တလေးသီး)များ ယခုရာသီတွင် မနှစ်ကထက် ဈေးပိုမိုရရှိကာ အရောင်းအဝယ်များ သွက်လျက်ကောင်းမွန်လျက်ရှိသည်။

သံပရာသီးများ စိုက်ပျိုးရာတွင် ဗမာသံပရာသီး၊ ရှမ်းသံပရာသီး၊ မုံရွာသီး၊ သံပယိုသီး၊ ပြည်သီး၊ မိုးကုတ်သီးစသဖြင့် အမျိုးအစားခွဲခြား စိုက်ပျိုးထားရှိရာ ယင်းသံပရာသီးများအနက်မှ ဗမာသံပရာသီးမှာ တစ်နှစ်ပတ်လုံး ထွက်ရှိပြီး၊ ယခုမိုးလယ်သီး အစောသီးမှာ အလုံးကြီးတစ်လုံးလျှင် ငွေကျပ် ၂၀၀၊ အလုံးလတ်တစ်လုံးလျှင် ငွေကျပ် ၁၈၀၊ အလုံးအသေးတစ်လုံးလျှင် ငွေကျပ် ၁၅၀ဈေးတို့ရရှိပြီး၊ မိုးလယ်သီးများမှာ မနှစ်ကထက်ဈေးနှုန်းကောင်းမွန်ကာ အရောင်းအဝယ်သွက်လျက်ရှိသည့်အတွက် သံပရာခြံပိုင်ရှင်များအနေဖြင့် အဆင်ပြေလျက်ရှိနေကြောင်း မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ် မင်းကိုင်းကျေးရွာမှ သံပရာသီးအရောင်းအဝယ်ပြုလုပ်သူ မခင်စောဝင်းက ပြောသည်။

အဆိုပါ ဗမာသံပရာသီးကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စဥ့်ကိုင်မြို့နယ်နှင့် ဒုဋ္ဌဝတီမြစ်ကမ်းဘေးတစ်လျှောက်ရှိ ကျေးရွာများ၊ အမရပူရမြို့နယ်အတွင်းရှိ မိကျောင်းတက်ကျေးရွာနှင့် ဆင်ရွာတို့မှ အဓိကစိုက်ပျိုးထွက်ရှိပြီး ပြည်တွင်းဈေးကွက်သို့ ရောင်းချကြောင်း၊ ယခုနှစ်သံပရာသီးဈေးမှာ ဈေးကောင်းများရရှိနေသဖြင့် ခြံပိုင်ရှင်များ အဆင်ပြေလျက်ရှိနေကြောင်း သိရသည်။

(ဝ၇၃)

## သဘာဝဘေးကြောင့် ပျက်စီးသွားသည့် ကျောက်ဆည်-တံစိုး မင်းစု-မြစ်သားလမ်း တံတားအား ပြန်လည် ပြုပြင်ပြီးစီး



**ကျောက်ဆည် စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် သဘာဝဘေးကြောင့် ပျက်စီးသွားသည့် ကျောက်ဆည်-တံစိုး-မင်းစု-မြစ်သားလမ်းမှ ၆/၈ တံတားအား ဆောက်လုပ်ရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် လမ်းဦးစီးဌာနအဖွဲ့မှ ပြန်လည်ပြုပြင်ပေးခဲ့ရာ လုပ်ငန်းများပြီးစီးပြီဖြစ်၍ ပြည်သူများ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားပျက်စီးသွားသည့် ကျောက်ဆည်-တံစိုး-မင်းစု-မြစ်သားလမ်းသည် ကျောက်ဆည်မြို့နှင့် မြစ်သားမြို့တို့အား ဆက်သွယ်ထားသော အတိုဆုံးလမ်းဖြစ်ကြောင်းနှင့် ပျက်စီးသွားသည့် ၆/၈ တံတားအား ကုန်စည်စီးဆင်းမှု မြန်ဆန်လွယ်ကူစေရန်နှင့် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍများ အမြန်ဆောင်ရွက်နိုင်ရေး ကျောက်ဆည်ခရိုင်လမ်းဦးစီးဌာနအဖွဲ့မှ အရှည်ပေ(၆၀) ဘေလီတံတား Double Single တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း လုပ်ငန်းများ ပြီးစီးပြီဖြစ်သောကြောင့် မင်းစု၊ လေးဆယ်ကုန်း၊ ကသဲကုန်း၊ အင်ယောင်း ကျေးရွာအုပ်စု ကျေးရွာများ၏ ပြည်သူများ အပြင် မင်းစု-ရွာမုန်း-ဒါးရဲကောင်းလမ်းနှင့်ဆက်သွယ်ထားသည့် လမ်းဖြစ်သည့်အတွက် အခြားဒေသပြည်သူများအတွက် များစွာ အကျိုးရှိကြောင်း သိရသည်။

(၄၈၅)

# ပြည်သူအားလုံးပါဝင်လို့ စုပေါင်းညီညာသန်းခေါင်စာရင်း ကောက်ကြစို့

**၃၀.၉.၂၀၂၄ရက် စာမျက်နှာ(၁၀)မှအဆက်**

နိုင်ငံအဆင့်ကိုယ်စားပြုရွေးချယ်ထားသော နမူနာအိမ်ထောင်စု ၁၃၂၀၉၂ စုမှ လူဦးရေ ၅၄၈၅၅၃ ဦးအား မေးမြန်းခဲ့ရာ လူဦးရေ ၅၁ ဒသမ ၁ သန်းရှိပြီး အမျိုးသား ၄၆ ဒသမ ၈ ရာခိုင်နှုန်း၊ အမျိုးသမီး ၅၃ ဒသမ ၂ ရာခိုင်နှုန်း ရှိကြောင်း သိရှိရပါသည်။ အိမ်ထောင်စုအရွယ်အစားမှာ ၄ ဒသမ ၆ ဦးဖြစ်ကြောင်း သိရှိရသည်။

သန်းခေါင်စာရင်းကောက်ယူရာတွင် အရေးကြီးသော ကျောင်းတက်ရောက်မှုနှင့် စာတတ်မြောက်မှု၊ တွက်ချက်တတ်မှုနှုန်း၊ အလုပ်လက်မဲ့နှုန်း၊ အလုပ်အကိုင်အခြေအနေများ၊ ကလေးမွေးနှုန်း၊ ပြည်ပရွှေ့ပြောင်းသွားလာနေထိုင်မှုများ၊ မသန်မစွမ်းဖြစ်ပွားမှုများ၊ သောက်သုံးရေ၊ လောင်စာရရှိမှုများ စသည့် အရေးကြီးသော အချက်အလက်များ ရရှိခဲ့ပါသည်။

ထိုသို့ အရေးကြီးသောအချက်အလက်များ ရရှိခြင်းမှာ ပြည်သူများ၏တစ်ခဲနက် ပါဝင်ဖြေကြားပေးမှုကြောင့် ဖြစ်ပါသည်။ ပြည်သူသည် နိုင်ငံ၏အားဆိုသည့်အတိုင်း ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရန်အတွက် အလားအလာကောင်းများရရှိနိုင်မည်သာ ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးများ၏ စီးပွားရေးကို စီမံကိန်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သန်းခေါင်စာရင်းသည် အရေးတကြီးလိုအပ်သော ကိစ္စတစ်ခုဖြစ်ပါသည်။ တစ်နည်းဆိုသော် သန်းခေါင်စာရင်းကောက်ယူခြင်းသည် ပြည်သူတစ်ဦးချင်းအတွက်လည်းကောင်း၊ တိုင်းပြည်နိုင်ငံအတွက်လည်းကောင်း များစွာအရေးကြီးလှပါသည်။ သန်းခေါင်စာရင်း၏ အရေးပါမှုကြောင့် နိုင်ငံတော်အစိုးရသည် နှစ်ပေါင်း ၃၀ ကြာ မကောက်ယူနိုင်ခဲ့သော ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ်၊ ဧပြီလတွင် ကောက်ခံနိုင်ခဲ့သည်။

သန်းခေါင်စာရင်းမကောက်နိုင်သောကာလများတွင် မွေးဖွားမှုနှင့် မျိုးဆက်ပွားကျန်းမာရေးစစ်တမ်းများ၊ မိသားစုနှင့် လူငယ်လူရွယ်စစ်တမ်းများ၊ လူဦးရေပြောင်းလဲမှု၊ မွေးဖွားမှုစစ်တမ်းများနှင့် အခြားသောလူဦးရေစစ်တမ်းများကို ပုံမှန်ကောက်ယူခြင်းဖြင့် နိုင်ငံတော်၏ မူဝါဒချမှတ်နိုင်ရေးနှင့် စီမံကိန်းများရေးဆွဲနိုင်ရေးအတွက် လူဦးရေဆိုင်ရာအချက်အလက်များ ပံ့ပိုးနိုင်ခဲ့ပါသည်။

သန်းခေါင်စာရင်းသည် လူဦးရေဆိုင်ရာ အချက်အလက်များနှင့် အိမ်ထောင်စုများ၏ ဝိသေသလက္ခဏာများကို ရရှိနိုင်သည့် အရေးကြီးသော ရင်းမြစ်တစ်ခု ဖြစ်ပါသည်။ သန်းခေါင်စာရင်းသည် အုပ်ချုပ်မှုဧရိယာအသေးငယ်ဆုံးအဆင့်ထိ အချက်အလက်များကို ပံ့ပိုးပေးနိုင်သည့် ထူးခြားသောအရည်အသွေးရှိပါသည်။ သန်းခေါင်စာရင်းမှ ကောက်ယူရရှိသောအချက်အလက်များသည် နိုင်ငံတော်၏သယံဇာတရင်းမြစ်များ ခွဲဝေသတ်မှတ်ခြင်း၊ နယ်မြေဧရိယာနယ်နိမိတ်များကို ပြန်လည်ဆန်းစစ်နိုင်ခြင်း၊ ဆေးရုံ၊ စာသင်ကျောင်းနှင့် ကျန်းမာရေးဌာနများ၊ လမ်းများစသည့် လူမှုအခြေခံအဆောက်အအုံများစသည့် လူမှုအခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်းနှင့် သုတေသနလုပ်ငန်းများအတွက် အသုံးဝင်ပါသည်။

ထို့အပြင် သန်းခေါင်စာရင်း အချက်အလက်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ထောင်စုနှစ်ရည်မှန်းချက်များ၊ လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်ရေးညီလာခံမှ ချမှတ်ခဲ့သည့်ပန်းတိုင်များစသည့် ပြည်တွင်း၊ ပြည်ပ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ဆောင်ချက်များကို ဆန်းစစ်လေ့လာရာတွင်လည်း အထောက်အပံ့ ဖြစ်စေပါသည်။

သန်းခေါင်စာရင်းကို အဓိကထားဆောင်ရွက်နေသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနသည် လွတ်လပ်ရေးရပြီး သန်းခေါင်စာရင်းဌာနကို စတင်ဖွဲ့စည်းသည့်အချိန်မှစ၍ လူဦးရေသန်းခေါင်စာရင်း၊ အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ စက်မှုလက်မှုသန်းခေါင်စာရင်းနှင့် အိမ်တွင်းစက်မှုလက်မှုသန်းခေါင်စာရင်းတို့ကို ကောက်ယူခဲ့သည်။

၁၉၇၃ ခုနှစ်တွင် ပထမအကြိမ် လူဦးရေသန်းခေါင်စာရင်းကို လူထုလှုပ်ရှားမှုအသွင်ဖြင့် တစ်နိုင်ငံလုံးကောက်ယူနိုင်ခဲ့ပြီး မဲဆန္ဒရှင်စာရင်းကိုပါ ပြုစုဆောင်ရွက်ခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် ဒုတိယအကြိမ် သန်းခေါင်စာရင်းကိုလည်း လူထုလှုပ်ရှားမှုအသွင်ဖြင့် ကောက်ယူနိုင်ခဲ့သည်။

၁၉၈၃ ခုနှစ် နောက်ပိုင်းတွင် သန်းခေါင်စာရင်းကို ဆက်လက်မကောက်ယူနိုင်ခဲ့သော်လည်း ၁၉၉၁ ခုနှစ် လူဦးရေပြောင်းလဲမှုနှင့် ကလေးမွေးဖွားမှုစစ်တမ်း၊ ၁၉၉၇ ခုနှစ် မွေးဖွားမှုနှင့် မျိုးဆက်ပွားကျန်းမာရေးစစ်တမ်း၊ ၂၀၀၁ ခုနှစ် မွေးဖွားမှုနှင့် မျိုးဆက်ပွားကျန်းမာရေးစစ်တမ်း၊ ၂၀၀၄ ခုနှစ် မိသားစုနှင့် လူငယ်လူရွယ်စစ်တမ်း၊ ၂၀၀၇ ခုနှစ် မွေးဖွားမှုနှင့် မျိုးဆက်ပွားကျန်းမာရေးစစ်တမ်းစသည့် လူဦးရေခန့်မှန်းတွက်ချက်ရာတွင် အထောက်အကူပြုမည့်စစ်တမ်းများကို ကောက်ယူနိုင်ခဲ့ပါသည်။

လူဦးရေအတိုး၊ အလျှော့များ၊ တည်ငြိမ်မှန်ကန်သော လူဦးရေစာရင်းများရရှိရေးသည် အသက်တမျှ အရေးကြီးလှပါသည်။ နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးအချုပ်အခြာ တည်တံ့ခိုင်မြဲရေးအတွက် နယ်နိမိတ်ရေရှည်တည်တံ့ခိုင်မြဲရေးသည် အလွန်အရေးကြီးခြင်း၊ နိုင်ငံတော်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အဓိကကျန်ထုတ်စွမ်းအားစုမှာ လူသားအရင်းအမြစ်များဖြစ်ခြင်း၊ နိုင်ငံတော်၏စီမံခန့်ခွဲရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးများအတွက် စီမံကိန်းများကို ရေးဆွဲချမှတ်အကောင်အထည်ဖော်ရာတွင် လူဦးရေသတင်းအချက်အလက်များကို ရရှိရန်လိုအပ်သောကြောင့် သန်းခေါင်စာရင်းကောက်ယူခြင်းမှာ မလွဲမသွေဆောင်ရွက်သင့်လှသည်။

ယခုအခါ Globalization ခေါ် ကမ္ဘာကြီးတွင် လူသားများ၏ နေ့စဉ်ကူးလူးသွားလာမှုများကြောင့် စီမံကိန်းများရေးဆွဲရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအား စိစစ်သုတေသနပြုရန်အတွက် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအား ၂၀၂၄ ခုနှစ်တွင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ စုစုပေါင်း ၁၅ ရက်ကြာ ကောက်ယူမည်ဖြစ်ရာ ပြည်သူများမှတစ်ခဲနက် ပါဝင်သွားရမည် ဖြစ်ပါသည်။

ထင်းစည်းကိုချိုး၍မရ၊ ပေါင်းစည်းခြင်းသည် အားဖြစ်သောကြောင့် ပြည်သူများသည် နိုင်ငံ၏ အင်အားဖြစ်သည်နှင့်အညီ ကန့်သတ်ထားသော အချိန်တိုအတွင်း လုပ်ငန်းပြီးစီးနိုင်ရေးအတွက် ပြည်သူများက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ နိုင်ငံရေးအသိအမြင်များ စေတနာများဖြင့် ပူးပေါင်းဆောင်ရွက်ပါက အခက်အခဲများ ကျော်လွှားအောင်မြင်နိုင်မည်သာ ဖြစ်ပါသည်။

၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းကောက်ယူခြင်း၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူခြင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူခြင်းများဖြင့် အတွေ့အကြုံကောင်းများရရှိနေပြီဖြစ်ရာ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရာတွင်လည်း ပိန်းကြာဖက်ပေါ် ရေမတင်သကဲ့သို့ အောင်မြင်ချောမောစွာဆောင်ရွက်နိုင်မည်ဟု တထစ်ချယုံကြည်မိပါသည်။

သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်ကို ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းအား စီမံထားရှိကြောင်း သိရသည်။

ထိုသို့ အချိန်ကာလအလိုက် ဆောင်ရွက်နေချိန်တွင် ပြည်သူများမှလည်း စာရင်းကောက်များ၏မေးမြန်းချက်များကို မှန်မှန်ကန်ကန် ဖြေကြားပေးခြင်းဖြင့် နိုင်ငံတော်အား ကူညီရာရောက်သကဲ့သို့ မှန်ကန်စွာသတင်းအချက်အလက်များ ရရှိလာမည်ဖြစ်ပါသည်။ စာရင်းကောက်များမှလည်း မေးမြန်းရခြင်း၏ ရည်ရွယ်ချက်နှင့် နိုင်ငံတော်မှ လိုအပ်လျက်ရှိသော လူဦးရေမူဝါဒများကိုလည်း ရေးဆွဲရာတွင် အထောက်အကူဖြစ်စေပါသည်။

လူထုသန်းခေါင်စာရင်းသည် နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် မူဝါဒများ၊ စီမံကိန်းများရေးဆွဲချမှတ်အကောင်အထည်ဖော်ရာတွင် လူဦးရေဆိုင်ရာ အချက်အလက်များရရှိရေးသည် အရေးကြီးလှသည်။ အချက်အလက်အမှန်များရရှိရေးအတွက် သန်းခေါင်စာရင်းကောက်ယူခြင်းဖြစ်ကြောင်း ပြည်သူလူထုများအား ရှင်းလင်းပြရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ် (National Statistical System) ၏ စာရင်းအင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ (National Strategy for Development of Statistics-NSDS)ကို အထောက်အပံ့ပြုနိုင်ရန်အတွက် ပြည်သူများ ကျယ်ပြန့်စွာသိရှိရန်လိုအပ်သည့်အတွက် မီဒီယာများမှ လှုံ့ဆော်အသိပညာပေးခြင်းဖြင့် ဆောင်ရွက်ပေးရန် လိုပါသည်။ ပြည်သူများ အင်တိုက်အားတိုက်ပါဝင်လာခြင်းဖြင့် လုပ်ငန်းများ လျင်မြန်စွာ အောင်မြင်လာမည် ဖြစ်ပါသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲများ ကျင်းပရာတွင် ဆန္ဒမဲပေးသူစာရင်းမှာ တိကျမှန်ကန်ရန် အထူးလိုအပ်လှပါသည်။ အထွေထွေရွေးကောက်ပွဲကျင်းပမည့်နေ့ရက်များ ကြေညာပြီးနောက် ပြုစုထားသော မဲဆန္ဒရှင်စာရင်းကို ထုတ်ပြန်ကြေညာရပေသည်။ ထိုသို့ ကြေညာရာတွင် မဲစာရင်းများ တိကျမှန်ကန်ရန် လိုအပ်သောကြောင့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စာရင်းကောက်ယူသူများမှ တစ်အိမ်တက်ဆင်း အိမ်တိုင်ရာရောက် Tablet များဖြင့် ကွန်ပျူတာအထောက်အကူပြု လူတစ်ဦးချင်းကောက်ယူသည့် Computer Assisted personal Interviews(C.A.P) စနစ်ဖြင့် ကောက်ယူဆောင်ရွက်သွားမည်ဖြစ်သည်။

အချုပ်ဆိုသော် သန်းခေါင်စာရင်းကောက်ယူခြင်းသည် နိုင်ငံသူ၊ နိုင်ငံသားများ၏အခွင့်အရေးနှင့် ပြည်သူလူထုအကျိုးဖြစ်ကို ဖော်ဆောင်ပေးသော လူတိုင်းပါဝင်ခွင့်ရသည့် တစ်ခုတည်းသော လုပ်ငန်းစဉ်ဖြစ်ပါသည်။ ပြည်သူလူထုများအားလုံးမှလည်း ဗဟုသုတအဖြစ်သိရှိကာ ဂုဏ်ယူတန်ဖိုးထားရန် လိုပါသည်။ ပြည်သူများ၏ တက်ကြွသောစိတ်ဓာတ်၊ နိုးကြားသောအမြင်၊ ကြိုးပမ်းဆောင်ရွက်လိုသော စေတနာများဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုပါသည်။ ၂၀၂၄ ခုနှစ် စာရင်းမှရရှိသော အချက်အလက်များသည် လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီးကို အဓိက အထောက်အကူပြုမည်မှာ မလွဲဧကန်ဖြစ်ပါသည်။ အနာဂတ်မြန်မာနိုင်ငံ၏ တိုးတက်လာမည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များတွင်လည်း အကျိုးပြုစေမည့် လမ်းပြကြယ်၊ မီးရှူးတန်ဆောင်ပမာ ဆောင်ကျဉ်းပေးနိုင်မည့် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်တွင် ပြည်သူအားလုံး ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းနှိုးဆော်ရေးသားအပ်ပါသည်။

**မင်းလပြည့်(ဟားခါး)**

# နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ခြင်းအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)က ကြိုဆိုထောက်ခံကြောင်း သဘောထားများထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကိုထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန် အလို့ငှာ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအား လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကိုစွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကိုထောက်ရှု၍ နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့မှုအပေါ် ကြိုဆိုထောက်ခံပါကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို)က သဘောထားထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်

နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသော ဆုံးရှုံးနစ်နာမှုများသည် လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့်ဖြစ်သည်ကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေသည့် အဖွဲ့အစည်းများအားလုံးသည် အကြမ်းဖက်လမ်းစဉ်ကိုစွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ၊ (၂၆)ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်အား မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို) အနေဖြင့် ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်
နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)

# အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၇) သင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၃၀**

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၇)၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြား/ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်က အမှာစကားပြောကြားရာတွင် အခြေခံပညာ ဆရာ ဆရာမများ၏ ပညာရေးလုပ်ငန်းတာဝန်များကို ကဏ္ဍအလိုက်၊ ရာထူးအဆင့်အလိုက် တည်တည်ငြိမ်ငြိမ် မှန်မှန်ကန်ကန်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ပြီး ဗလငါးတန်နှင့် ပြည့်စုံသည့် ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးထုတ်နိုင်စေရန် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် လေ့ကျင့်သင်ကြားပေးနေခြင်း ဖြစ်ပါကြောင်း။

သင်ကြားသင်ယူရေးလုပ်ငန်းများကို စေတနာ၊ ဝါသနာ၊ အနစ်နာဆိုသည့် နာ(၃)နာ အရင်းခံပြီး အမျိုးသား ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ကြရန်၊ သင်တန်းမှရရှိမည့် အသိပညာ၊ အတတ်ပညာများကို လုပ်ငန်းခွင်တွင် လက်တွေ့ပြန်လည်အသုံးချနိုင်အောင် လေ့လာသင်ယူပြီး စိတ်ဓာတ်၊ စည်းကမ်းခံယူချက်နှင့် ယုံကြည်ချက်များ ပိုမိုခိုင်မာလာသည့် နိုင်ငံ့ဝန်ထမ်းကောင်း ဆရာ ဆရာမများဖြစ်အောင် ပြုမူနေထိုင်ကြရန် တိုက်တွန်းမှာကြားသည်။ (ဝဲပုံ)

အဆိုပါသင်တန်းသို့ သင်တန်းသား ၈၁ ဦး၊ သင်တန်းသူ ၃၀၂ ဦး၊ စုစုပေါင်း ၃၈၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်


❑ စာမျက်နှာ ၂၄မှ

မွန်းလွဲမှ အောက်တိုဘာ ၅ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေး အနေဖြင့်လည်း ကြိုတင် သတိပြုနိုင်ပါရန် သတိပေး နှိုးဆော်အပ်ပါသည်။

မိုး/ဇလ




## Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ မိနစ်ပိုင်းခန့် ပြတ်တောက်နိုင်

**နေပြည်တော် စက်တင်ဘာ ၃၀**

နေ၊ ဂြိုဟ်တုနှင့် TVRO(စလောင်း)တို့ တစ်တန်းတည်း ကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်ပြီး ယင်းသို့ ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှပေးပို့ ထုတ်လွှင့်နေသော အရုပ်/အသံ အချက်အလက်များ ခေတ္တယာယီပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိသည်။ Sun Outage ဖြစ်စဉ်မှာ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ် မတ်လတွင် တစ်ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် တစ်ကြိမ် ကြုံတွေ့ရလေ့ရှိ၍ ၎င်းဖြစ်စဉ်သည် ထုတ်လွှင့်သည့်ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO (စလောင်း) အရွယ်အစားနှင့် တည်နေရာတို့အပေါ် မူတည်၍ Sun Outage ဖြစ်သောအချိန်နှင့် Signal ပြတ်တောက်မှု ကြာချိန်တို့ ကွာခြားမှုရှိသည်။ Sun Outage ဖြစ်စဉ်ကြောင့် Thaicom-6 ဂြိုဟ်တုကို အသုံးပြု၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၄ ရက်အထိ နေ့စဉ် ၁ မိနစ်မှ ၁၈ မိနစ်ခန့်အထိ Signal ပြတ်တောက်မှုဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသမီး ပူဆယ်အသင်း စခန်းသွင်းလေ့ကျင့်မှု စတင်

**ရန်ကုန် စက်တင်ဘာ ၃၀**

ပဏာမ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် ဖိလစ်ပိုင်နိုင်ငံက နိုဝင်ဘာ ၁၆ ရက်မှ ၂၂ရက်အထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံ အမျိုးသမီးဖူဆယ် ချန်ပီယံရှစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့်မှုများကို ယနေ့ နံနက်ပိုင်းက စတင်ပြုလုပ်ခဲ့သည်။ (ယာပုံ)

ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် သုဝဏ္ဏကွင်းအတွင်းရှိ လက်ရွေးစင်ကစားသမားများအဆောင်တွင် နေထိုင်ပြီး MFF Futsal Stadium၌ လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ (NGB)



# ဩစတြီးယား အထွေထွေရွေးကောက်ပွဲပြီးဆုံး ဟားဘတ်ကစ်ကဲလ် ဦးဆောင်သောပါတီ အနိုင်ရ



**ဗီယင်နာ စက်တင်ဘာ ၃၀**

၂၀၂၄ ခုနှစ် ဩစတြီးယား အထွေထွေရွေးကောက်ပွဲ ယမန်နေ့က အောင်မြင်စွာပြီးဆုံးရာ ဟားဘတ်ကစ်ကဲလ် ဦးဆောင်သော လွတ်လပ်ရေးပါတီ အနိုင်ရခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

စက်တင်ဘာ ၂၉ ရက်က ထိုရွေးကောက်ပွဲ၏ မဲရလဒ်ထွက်ပေါ်လာခဲ့ရာ ဆိုရှယ်ဒီမိုကရက်ပါတီက ထောက်ခံမဲ ၂၀ ဒသမ ၄ ရာခိုင်နှုန်းဖြင့် တတိယနေရာ၊ လက်ရှိအာဏာရဝန်ကြီးချုပ် ကားလ်နေဟမ်မား ဦးဆောင်သော ဩစတြီးယားပြည်သူ့ပါတီက ထောက်ခံမဲ ၂၆ ဒသမ ၂ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာနှင့် ဟားဘတ်ကစ်ကဲလ် ဦးဆောင်သော လွတ်လပ်ရေးပါတီက ထောက်ခံမဲ ၂၉ ဒသမ ၁ ရာခိုင်နှုန်းဖြင့် ပထမနေရာ အသီးသီး ရရှိခဲ့သည်။

အသက် ၅၅ နှစ်အရွယ် ဟားဘတ်ကစ်ကဲလ်သည် ပြည်ထဲရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၂၁ ခုနှစ်မှ စတင်၍ လွတ်လပ်ရေးပါတီဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။

ရွေးကောက်ပွဲနိုင်သော ပါတီဥက္ကဋ္ဌဖြစ်သည့် ၎င်းအနေဖြင့် ဝန်ကြီးချုပ်အာဏာ ရမည်ဖြစ်သော်လည်း ညွန့်ပေါင်းအစိုးရဖွဲ့ရာတွင် အခြားပါတီများနှင့် မဟာမိတ်ဖွဲ့ရမည်ဖြစ်ကြောင်း သိရသည်။ **Mon**

# နက်တန်ယာဟု၏ ပြိုင်ဘက်ဟောင်း ဂီဒီအွန်ဆား အစ္စရေးအစိုးရဝန်ကြီးအဖွဲ့ထဲသို့ ဝင်ရောက်လာ



**ဂျေရုဆလင် စက်တင်ဘာ ၃၀**

ဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟု၏ နိုင်ငံရေးပြိုင်ဘက်ဟောင်း ဂီဒီအွန်ဆား အစ္စရေးအစိုးရဝန်ကြီးအဖွဲ့ထဲသို့ ဝင်ရောက်လာပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဌာနလက်ကိုင်မရှိသော အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးအဖြစ် ၎င်းဝင်ရောက်လာခြင်းသည် မိမိတို့ ညွန့်ပေါင်းအစိုးရကို အင်အားဖြည့်ပေးရာရောက်ကြောင်း နက်တန်ယာဟုက ထုတ်ဖော်ပြောကြားသည်။

ကမ္ဘာ့နိုင်ငံရေးနယ်ပယ်တွင် အကျပ်အတည်းနှင့် ရင်ဆိုင်နေရသော အစ္စရေးနိုင်ငံ ဆက်လက်ကြံ့ကြံ့ခံသွားစေနိုင်ရန် မိမိတို့အနေဖြင့် သွေးစည်းညီညွတ်မှုပြသရမည်ဟု ဆားက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **Mon**

အမေရိကန်ပြည်ထောင်စု မြောက်ကယ်ရိုလိုင်းနားနယ်တစ်နေရာတွင် ဟယ်လင်းဟာရီကိန်းမုန်တိုင်းကြောင့် မိုးသည်းထန်ရေကြီးမြေပြိုရာမှ အဝေးပြေးလမ်းတစ်ခြမ်း ပဲ့ကျပျက်စီးသွားသည်ကို တွေ့ရစဉ်။ **Mon**






# ၂၀ ရာစုအတွင်း ပင်လယ်သမုဒ္ဒရာရေပြင် ပိုမိုမြင့်တက် ကမ်းရိုးတန်းဒေသတွင်နေသူများ အခက်ကြုံနေကြရ

**ဝါရှင်တန် စက်တင်ဘာ ၃၀**

၂၀ ရာစုအတွင်း ပင်လယ်သမုဒ္ဒရာရေပြင် ပိုမိုမြင့်တက်ခဲ့ရာမှ ယခုနောက်ပိုင်း၌ ကမ်းရိုးတန်းဒေသတွင်နေသူများ အခက်ကြုံနေကြရပြီဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ထုတ်ဖော်ပြောကြားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။


ကုလသမဂ္ဂအထွေထွေညီလာခံတွင် အမှာစကားပြောကြားစဉ် ၎င်းက ထိုသို့ ထုတ်ဖော်ပြောကြားခဲ့ခြင်း ဖြစ်သည်။

ပင်လယ်သမုဒ္ဒရာရေပြင် မြင့်တက်လာခြင်းသည် ဘေးဒုက္ခဒီရေ မြင့်တက်လာတော့မည့် နိမိတ်လက္ခဏာပင်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ထည့်သွင်းသုံးသပ်ပြောဆိုသည်။

လူတို့ကြောင့် ဖြစ်ပွားလာသော ကမ္ဘာ့ရာသီဥတုအပြောင်းအလဲသည် ပင်လယ်သမုဒ္ဒရာရေပြင် မြင့်တက်လာစေသော အကြောင်းတရားဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကမ္ဘာလုံးဆိုင်ရာ အပူချိန်သည် တစ်ဒီဂရီဆဲလ်ဆီးယပ်စ်အထိ မြင့်တက်လာပြီး ပင်လယ်သမုဒ္ဒရာရေပြင်မှာမူ ၆ လက်မနှင့် ၈လက်မခန့်အထိ မြင့်တက်လာသည်ဟု အမေရိကန်အာကာသစူးစမ်းလေ့လာရေးအဖွဲ့ လေ့လာတွေ့ရှိထားကြောင်း သိရသည်။ **Mon**

# ရဝမ်ဒါနိုင်ငံ၌ မားဘတ်ဗိုင်းရပ်စ် ကူးစက်လူခြောက်ဦး သေဆုံးခဲ့ရသည်ဟု အတည်ပြု



**ကီဂါလီ စက်တင်ဘာ ၃၀**

အာဖရိကတိုက်ရှိ ရဝမ်ဒါနိုင်ငံ၌ မားဘတ်ဗိုင်းရပ်စ် ကူးစက်လျက်ရှိရာ မကြာသေးမီက လူခြောက်ဦး သေဆုံးခဲ့ရသည်ဟု ကျန်းမာရေးဝန်ကြီး ဆာဘင်နဆန်ဇီမာက စက်တင်ဘာ ၂၉ ရက်တွင် အတည်ပြုကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

သစ်သီးစားလင်းနို့များမှ လူတို့ထံသို့ ကူးစက်လာသော ထိုဗိုင်းရပ်စ်သည် ယခု လူလူချင်း ကူးစက်နေပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အတည်ပြုထားသည်။

ထိုဗိုင်းရပ်စ်ကြောင့် ဖျားနာ၊ ကြွက်သားများ နာကျင်ကိုက်ခဲ၊ ဝမ်းပျက်ဝမ်းလျှော၊ အော့အန်ကာ နောက်ဆုံးတွင် သွေးအလွန်အကျွံဆုံးရှုံးပြီး သေဆုံးစေနိုင်ကြောင်း သိရသည်။ **Mon**

# ဂျပန်ဒိုင်ယက်လွှတ်တော်ရွေးကောက်ပွဲကို ရှီဂေးရုအိရှီဘ အဆောတလျင် ကျင်းပစေလို



**တိုကျို စက်တင်ဘာ ၃၀**

ဒိုင်ယက်လွှတ်တော်ရွေးကောက်ပွဲကို လာမည့် အောက်တိုဘာလအတွင်း အဆောတလျင် ကျင်းပစေလိုသည်ဟု ဂျပန်အာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ရှီဂေးရုအိရှီဘ စက်တင်ဘာလနှောင်းပိုင်းတွင် ထုတ်ဖော်ပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အောက်တိုဘာ ၁ ရက်တွင် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုရန် စီစဉ်ထားသော ရှီဂေးရုအိရှီဘအနေဖြင့် အောက်တိုဘာ ၉ ရက်တွင် လက်ရှိဒိုင်ယက်လွှတ်တော်ကို ဖျက်သိမ်းကြောင်း ထုတ်ပြန်ကြေညာမည်ဟု ဆိုသည်။

ဒိုင်ယက်လွှတ်တော်ရွေးကောက်ပွဲကို အောက်တိုဘာ ၂၇ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်ဟု လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ သတင်းစာရှင်းလင်းပွဲ၌ အတည်ပြုခဲ့သည်။

အသက် ၆၇ နှစ်အရွယ် ရှီဂေးရုအိရှီဘ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌဖြစ်လာသောနေ့က အမေရိကန်တစ်ဒေါ်လာလျှင် ယန်းငွေတန်ဖိုး ၁၄၆ ဒသမ ၅ မှ ၁၄၂ သို့ ပြောင်းလဲသွားသည်။ ဂျပန်ကုမ္ပဏီများ၏ အစုရှယ်ယာတန်ဖိုးများလည်း မြင့်တက်ခဲ့ကြောင်း သိရသည်။ **Mon**

0-0-0-0-0

# အသက် ၇၆ နှစ်အရွယ် စင်ကာပူတောင်တက်သမားကို ဧဝရက်တောင်တစ်ကြောတွင် လိုက်လံရှာဖွေလျက်ရှိ

**စင်ကာပူ စက်တင်ဘာ ၃၀**

အသက် ၇၆ နှစ်အရွယ် စင်ကာပူတောင်တက်သမား ဟယ်ရီတန်ကို ဧဝရက်တောင်တစ်ကြောတွင် လိုက်လံရှာဖွေလျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဧဝရက်တောင်တစ်ကြောတွင် အမြင့်ဆုံးတောင်ကြားလမ်းဖြစ်သည့် ပင်လယ်ရေမျက်နှာပြင်အထက် မီတာပေါင်း ၅၅၅၀ မြင့်သော ကောင်းမာလတောင်ကြားလမ်းအနီး ၎င်းပျောက်ဆုံးသွားခြင်းဖြစ်သည်။

နီပေါနိုင်ငံရှိ ကယ်ဆယ်ရေးအဖွဲ့က စင်ကာပူတောင်တက်သမား ဟယ်ရီတန်ကို လိုက်လံရှာဖွေနေကြောင်း သက်ဆိုင်ရာ မိသားစုဝင်များထံသို့ စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာနက အသိပေးခဲ့ပြီးဖြစ်သည်။

၎င်းကို ဘေးကင်းစွာ ပြန်လည်တွေ့ရှိနိုင်ရန် စင်ကာပူပါလီမန်အမတ်တစ်ဦးဖြစ်သူ ဝမ်ရီဇာလ်က အင်တာနက်လူမှုကွန်ရက်မှတစ်ဆင့် စက်တင်ဘာ ၂၉ ရက်တွင် ဆုတောင်းပေးခဲ့သေးသည်။

၂၀၂၃ ခုနှစ် မေလက စင်ကာပူတောင်တက်သမားတစ်ဦး ဧဝရက်တောင်ပေါ်တွင် ပျောက်ဆုံးခဲ့ရာ ယနေ့ထက်တိုင် ပြန်မတွေ့သေးကြောင်း သိရသည်။ **Mon**



## ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးမှုများ ရှင်းလင်းရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ထွက်ခွာ



**မန္တလေး စက်တင်ဘာ ၃၀**

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး လက်အောက်ရှိ မန္တလေးခရိုင်နှင့် မြို့နယ်များရှိ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များသည် တိုင်းဒေသကြီး အတွင်းရှိ ကျောက်ဆည်၊မြစ်သား၊ ဝမ်းတွင်း၊ သာစည်၊ ပျော်ဘွယ်၊ ရမည်းသင်းမြို့နယ်များတွင် ရေကြီးရေလျှံမှုနှင့် ရေလွှမ်းမိုးမှုဖြစ်စဉ်များကြောင့် ဘုန်းတော်ကြီး ကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးပေးခန်းများ၊ တိုက်နယ်ဆေးရုံများတွင် ထိခိုက်ပျက်စီးမှုများအား ရှင်းလင်းရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးရန်၊ ရွှံ့နွံများ ရေဆေးရှင်းလင်းရေး ဆောင်ရွက်ရန် (High Pressure Pump)များ၊ ရေပိုက်လိပ်များဖြင့် စက်တင်ဘာ ၂၈ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ၈၁လမ်းနှင့်၂၉လမ်းထောင့် ဗဟိုမီးသတ်စခန်းစုရပ်မှ မော်တော်ယာဉ်ဖြင့် ထွက်ခွာကြရာ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး၊ ဒုတိယတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၀၄၅)**



## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြော

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ စေတနာမွန်ကိုယ်ပိုင်အထက်တန်းကျောင်းတွင် စက်တင်ဘာ ၂၈ ရက် နံနက် ၉နာရီခွဲက အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟို-မန္တလေး) (AEDA-Mdy)တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေမြတ်နိုးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အသင်းအလုပ်အမှုဆောင် ဦးဝင်းမင်းလှိုင်က မူးယစ်သမိုင်းကြောင်းကို ဟောပြောပြီး အသင်းအတွင်းရေးမှူး ဦးမြင့်သန်းက မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်အကြောင်းကို အသိပညာပေးဟောပြောပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများအား အသင်းတွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦး၊ အသင်းအလုပ်အမှုဆောင် ဒေါ်သင်းသင်းဦးတို့က မေးခွန်းများ မေးမြန်းကြပြီး ဖြေဆိုသူများအား ဆုလက်ဆောင်ပစ္စည်းများ ချီးမြှင့်ကြပြီး ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါးမသုံးစွဲရန် သန္နိဋ္ဌာန်ချတ်ဆိုကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၇၀)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ပျက်စီးခဲ့သည့် ဓာတ်တိုင်များပြုပြင် ဓာတ်အားများ ပြန်လည်ဖြန့်ဖြူး

**တပ်ကုန်း စက်တင်ဘာ ၃၀**

စက်တင်ဘာလအတွင်း ရာဂီမုန်တိုင်း၏ အရှိန်ကြောင့် မိုးများအဆက်မပြတ် ရွာသွန်းမှုကြောင့် ပြည်ထောင်စုနယ်မြေအတွင်း တပ်ကုန်း၊ ပျဉ်းမနား မြို့နယ်ရှိ ရပ်ကွက်ကျေးရွာ ၂၈၈ ရွာ ဓာတ်အားပြတ်တောက်ခဲ့ပြီး မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ ကျွမ်းကျင်ဝန်ထမ်းများဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၆ ရက်တွင် ရပ်ကွက်၊ ကျေးရွာ ၂၀၅ ရွာကို ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ကျန်ကျေးရွာနှင့် ရပ်ကွက်များအား ဓာတ်အားအမြန်ဆုံး ပြန်လည်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၄၅)**

## သာစည်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၃၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ စက်တင်ဘာ ၂၆ ရက် ည ၁၀ နာရီ မိနစ် ၅၀ ခန့်က သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် တောင်ကြီးမြို့ဘက်မှ ပြည်မြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် ကျော်ရဲလွင်ဆိုသူ သယ်ဆောင်လာသည့် လက်ဆွဲခြင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀,၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျော်ရဲလွင်(၂၈)နှစ်ဆိုသူအား သာစည်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**





## သစ်ပင်လဲကျမှုဖြစ်ပွား၍ မီးသတ်တပ်ဖွဲ့ဝင်များက ရှင်းလင်း

**ရေနံချောင်း စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၊ လက်မှတ်ကုန်းရပ်ကွက်၊ သံကန်ကြီးဘုန်းကြီးကျောင်းဝင်းအတွင်း သစ်ပင်လဲကျမှုဖြစ်ပွားကြောင်း ရေနံချောင်းမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကြည်စိုးဟန်နှင့် သန္တေတပ်ဖွဲ့ဝင်များဖြင့် ယမန်နေ့ နံနက်ပိုင်းက သွားရောက် ရှင်းလင်းဆောင်ရွက်ခဲ့သည်။

ဖြစ်စဉ်မှာ သံကန်ကြီးဘုန်းကြီးကျောင်းဝင်းအတွင်း လုံးပတ်ခြောက်ပေခန့်ရှိ ရင်းမာပင်မှာ မြေသားပျော့၍ အမြစ်လန်ပြီး သွပ်မိုးပျဉ်ကာတစ်ထပ် ကျောင်းဆောင်ပေါ်သို့ လဲကျခဲ့ရာ ၁၂ ပေ သွပ် ၃၀ချပ် ပျက်စီးခဲ့ပြီး သစ်ပင်၊ သစ်ကိုင်းများ ရှင်းလင်းရေးလုပ်ငန်းများအား ဆောင်ရွက်ခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် လူနှင့် တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်း ရေနံချောင်းမြို့နယ် မီးသတ်စခန်းမှ သိရသည်။ **(အပေါ်ပုံ)** **(၄၇၂)**



## တာချီလိတ်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၃၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ စက်တင်ဘာ ၂၆ ရက် ညနေ ၆နာရီခွဲက တာချီလိတ်မြို့၊ ရန်အောင်မြေရပ်ကွက်တွင် စိုင်းလိတ်ဆိုသူမောင်းနှင်ပြီး အိုက်ကျင်လိုက်ပါလာသည့် TOYOTA MARK-X အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၈,၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းလိတ်(၃၈)နှစ်နှင့် အိုက်ကျင်(၃၅)နှစ်ဆိုသူတို့အား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀

# အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတိုက်ဖျက်ရေးအတွက် မြန်မာ - တရုတ် နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများကြား သတင်းဖလှယ်ဆောင်ရွက်၍ ဖော်ထုတ်ဖမ်းဆီးရမိသည့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းလုပ်ကိုင်သူ တရုတ်နိုင်ငံသား တရားခံ ၃၁၃ ဦးအား လွှဲပြောင်းပေးအပ်

နေပြည်တော် စက်တင်ဘာ ၃၀

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တရားဥပဒေ စိုးမိုးရေးနှင့် အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများ တိုက်ဖျက်ရေးအတွက် ပြည်ထဲရေး ဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေး ဆိုင်ရာ ဝန်ကြီးဌာနတို့ကြား သတင်းဖလှယ်မှုများ ဆောင်ရွက်၍ တရားခံများ ဖော်ထုတ်ဖမ်းဆီး ရမိနိုင်ရေး စဉ်ဆက်မပြတ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာနတို့ သတင်းဖလှယ် ပူးပေါင်းဆောင်ရွက်၍ ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း မူဆယ်မြို့ပေါ်တွင် အွန်လိုင်းလိမ်လည်မှု (ကျားဖြန့်)လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော ဒုစရိုက်သမားများအား ဖော်ထုတ်ဖမ်းဆီးခဲ့ရာ တရုတ်နိုင်ငံသား တရားခံပြေး ၄၅ ဦးပါ တရုတ်နိုင်ငံသား စုစုပေါင်း ၃၁၃ ဦးနှင့် မြန်မာနိုင်ငံသား တရားခံ ၅၅၇ ဦး စုစုပေါင်း တရားခံ ၈၇၀ တို့နှင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် သက်သေခံပစ္စည်းများဖြစ်သော ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ လက်ကိုင်ဖုန်းများနှင့် Scam စက်များအား သိမ်းဆည်းရမိခဲ့သဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။ ၎င်းအပြင် ဒုစရိုက်မှုများ အခြေပြု ဆောင်ရွက်လျက်ရှိသည့် အဆောက်အဦများကိုလည်း ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ချိပ်ပိတ်သိမ်းဆည်း တရားစွဲတင်ဆောင်ရွက်သွားမည်ဖြစ်သည်။





အဆိုပါ ဖမ်းဆီးရမိသော တရုတ်နိုင်ငံသား တရားခံပြေး ၄၅ ဦးပါ တရုတ်နိုင်ငံသား စုစုပေါင်း ၃၁၃ ဦးတို့အား မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ အမှုဖွင့်အရေးယူထားပြီး ၎င်းတို့အား တရုတ်နိုင်ငံအနေဖြင့် ဆက်လက်အရေးယူ ဆောင်ရွက်နိုင်ရေး အတွက် လုံလောက်သောအစောင့်အရှောက်များဖြင့် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် ယူနန်ပြည်နယ် ရွှေလီမြို့ရှိ နယ်စပ်ဝင်/ထွက်ပေါက်မှတစ်ဆင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူ ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ၊ အွန်လိုင်းလောင်းကစားလုပ်ငန်းများ တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများမှ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပြည်တွင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၃၀

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ကျော် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ

## ဒီပဲယင်းမြို့ပေါ်ရှိ နေအိမ်များကို တပ်မတော်က မီးရှို့ဖျက်ဆီးနေကြောင်း သတင်းအတု၊ သတင်းအမှားများ မဟုတ်မမှန်ဖြန့်ဝေ

ရန်ကုန် စက်တင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့ပေါ်ရှိနေအိမ်များကိုတပ်မတော်က မီးရှို့ဖျက်ဆီးနေကြောင်း သတင်းအတု၊ သတင်းအမှားများ မဟုတ်မမှန် သတင်းအမှားများ ဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ စက်တင်ဘာ ၂၉ ရက်က ဒီပဲယင်းမြို့နယ်အတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများရောက်ရှိနေပြီး အင်အားစုဖွဲ့လျက်ရှိကြောင်း ဒေသခံများ၏ လျှို့ဝှက်သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာများဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထိုသို့ ဆုတ်ခွာစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ ၎င်းတို့နောက်သို့ လိုက်လံချေမှုန်းခြင်း မပြုလုပ်နိုင်ရန်နှင့် ကျေးရွာများရှိ နေအိမ်အချို့အား မီးရှို့ဖျက်ဆီးခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ပြည်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေမည့် သတင်းအမှားများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချခြင်း စသည့် လှုံ့ဆော် ဝါဒဖြန့်ဝေနေသည့် သတင်းများကိုသာ ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၃၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှု လုပ်ဆောင်ခဲ့သည့် “Soe Htut” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပြည်လုံးချမ်းသာရပ်ကွက်နေ စိုးထွဋ်နိုင်အား ညနေ ၄ နာရီ မိနစ် ၅၀ တွင် အောင်မြေသာစံမြို့နယ် အမှတ်(၄)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း(မြို့နယ်အဆင့်) စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေး၊ မဟာအောင်မြေ မြို့နယ်၊ ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၈ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့ သည်။



ရှေးဦးစွာ မဟာအောင်မြေ မြို့နယ် သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ ဦးတင်မြင့်ဦးက အဖွင့် အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူဆရာမ ဒေါ်ခိုင်စုဝေမှ စာရင်းစစ်၊ စာရင်းကောက်များ၏ လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် လိုအပ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ (ဝဲပုံ)

ထို့နောက် မဟာအောင်မြေ မြို့နယ် သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဦးကောင်းမြတ်ကျော်မှ သန်းခေါင်စာရင်း ကောက်ယူသွားမည့် လုပ်ငန်းစဉ်အား ရှင်းလင်းပြောကြားပြီးနောက် စာရင်းစစ်၊ စာရင်းကောက်ခန့်အပ်လွှာများကို သင်တန်းသား၊ သင်တန်းသူများအား တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းနှင့်ပတ်သက်သည့် စာရင်းစစ်၊ စာရင်းကောက်ဆိုင်ရာ အကြောင်းအရာများနှင့်သန်းခေါင်စာရင်းဆိုင်ရာ သဘောတရားများကို နည်းပြဆရာ၊ ဆရာမ ၁၂ဦးတို့က သင်တန်းသား၊ သင်တန်းသူ ၁၄၄ဦးတို့အား စက်တင်ဘာ ၁၇ရက်မှ ၂၈ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့ပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ရက်မှ ၁၅ရက်နေ့အထိ စာရင်းကောက်ယူရာတွင် မဟာအောင်မြေမြို့နယ်အတွင်း ရပ်ကွက် (၁၈)ရပ်ကွက်ရှိကောက်ကွက်ပေါင်း ၃၇၆ကွက်တို့၌ စာရင်းစစ် ၃၃ဦး၊ စာရင်းကောက် ၁၂၃ဦးတို့က စိစစ်ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝ၅၆)



# ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အင်ဖက်များအခမဲ့ဖြန့်ဝေ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**သရက် စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျော့နည်းသုံးစွဲစေရန်ရည်ရွယ်၍ မြို့နယ် စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်းဈေးဝယ် ပြည်သူများအား ပလတ်စတစ်ကြွတ်ကြွတ်အိတ်အစား ငှက်ပျောဖက် ၊ အင်ဖက်စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့ နံနက် ၈နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှဝန်ထမ်းများက ဈေးရောင်း ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ်ကြွပ်ကြွပ်အိတ် အသုံးပြုမှုလျှော့ချရေး အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

ဇော်ထက်(သရက်)

လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ။

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ (ပထမ)အကြိမ် ထုတ်ချေး

**မိတ္ထီလာ စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညောင်မြင့်ကျေးရွာအုပ်စု၊ ပျော်ကုန်းကျေးရွာရှိ ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ် လိုအပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ အရင်းမ,ပျောက် လည်ပတ်ရန်ပုံငွေ(ပထမ)အကြိမ် ထုတ်ချေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့်စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်း၊ စည်းကမ်းများအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များအား ရှင်းလင်းပြောကြားပြီး ကျေးရွာမြစိမ်းရောင်စီမံကိန်း အဖွဲ့ဝင်များထံ လည်ပတ်ရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်းအား လွှဲပြောင်းပေးအပ်ခဲ့သည်။ (အောက်ပုံ)

ထို့နောက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာ မြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပျော်ကုန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၈ဦးအား ငွေကျပ် ၉ဒသမ၃သန်း၊ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ ၃၅ဦးအား ငွေကျပ် ၁၆ ဒသမ ၉သန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၆ဦးအား ငွေကျပ် ၃ ဒသမ ၂ သန်း၊ စုစုပေါင်း ၅၉ဦးအတွက် ငွေကျပ် ၂၉ ဒသမ ၄သန်းအား အသီးသီး ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(၄၆၉)



# ရေနစ်မြုပ်ခဲ့သည့်ကျေးရွာများတွင် အထူးကုဆရာဝန်ကြီးများက နယ်လှည့်ကွင်းဆင်းကုသပေး

**လယ်ဝေး စက်တင်ဘာ ၃၀**

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်အတွင်း စစ်တောင်းမြစ်ရေဝင်ရောက်မှုကြောင့် မြစ်ကမ်းဘေးဝဲ၊ယာရှိ ကျေးရွာအချို့ ရေကြီးနစ်မြုပ်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာများတွင် ယခုအခါ ရေများ ပြန်လည်ကျဆင်းသွားပြီဖြစ်၍ ပြည်သူများပြန်လည် နေထိုင်ရန်အတွက် ဌာနဆိုင်ရာများက ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းမှစတင်၍ လယ်ဝေးမြို့နယ်၊ အေလာတိုက်နယ်၊ နန္ဒင်းအိုင်ကျေးရွာတွင် အရေပြားအထူးကု ဆရာဝန်ကြီးအဖွဲ့နှင့် လယ်ဝေးမြို့နယ် ကျန်းမာရေးဝန်ထမ်းများက ကျေးရွာအတွင်းရှိ ရေဘေးသင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ရာ အရေပြားရောဂါ ၂၉ဦး၊ အထွေထွေရောဂါ လူနာ ၆၁ဦး၊ စုစုပေါင်းလူနာ ၉၀ဦးကို ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့သည်။

ထို့အတူ အေးချမ်းသာ၊ နန္ဒင်းအိုင်၊ ရုံးပင်၊ ဘို့ကိုးလုံး၊ ကြို့တန်း၊ ညောင်ပင်အိုင်၊ ရွှေတိုက်တန်းကျေးရွာများတွင်လည်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆေးကုသပေးခြင်း၊ ကလိုရင်းခပ်ခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

# အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) သင်တန်းသား၊ သင်တန်းသူများ ကြံ့ခိုင်စွမ်းရည် စစ်ဆေး

**မန္တလေး စက်တင်ဘာ ၃၀**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)သို့ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်နေသော သင်တန်းသား၊ သင်တန်းသူများအား ကြံ့ခိုင်စွမ်းရည် စစ်ဆေးခြင်းကို စက်တင်ဘာ ၂၈ရက် နံနက် ၈နာရီက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ အားကစားကွင်းတွင်ပြုလုပ်သည်။

သင်တန်းသား၊သင်တန်းသူများအား နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အရည်အချင်းပြည့်မီစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် အားကစားနည်းအလိုက်ရှိသင့်သည့် ကြံ့ခိုင်စွမ်းရည်များပြည့်ဝစေရေးအတွက် နည်းစနစ်မှုများကစစ်ဆေးကြရာ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီးဦးမြင့်ခိုင်၊ ဒုတိယ ကျောင်းအုပ်ကြီးနှင့် နည်းပြများက ကြည့်ရှုကြသည်။

အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)မှ မြန်မာ့လက်ရွေးစင် ၁၁၀၃ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ပြည်ပပြိုင်ပွဲများတွင် ရွှေ ၃၄၃ခု၊ ငွေ ၄၇၃ခု၊ ကြေး ၈၀၃ခု စုစုပေါင်း ဆုတံဆိပ် ၁၆၁၉ခု ရယူပေးနိုင်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(ဝ၄၅)





## မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရားပွဲတော်ရက်မတိုင်မီကတည်းက စည်ကား

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေးတောင်ခြေရှိ မဟာသကျမာရဇိန်ကျောက်တော်ကြီး ဘုရားပွဲတော်ကို စက်တင်ဘာ ၂၀ရက်ကျော်မှ စတင်၍ ၁၂ပွဲဈေးသည်များ စတင်ရောက်ရှိကာ တဖြည်းဖြည်းစည်ကားလျက်ရှိရာ စက်တင်ဘာ ၂၉ ရက် တနင်္ဂနွေရုံးပိတ်ရက်ဖြစ်သောကြောင့် ဘုရားပွဲတော်ဖွင့်ပွဲမတိုင်မီကတည်းက စည်ကားလျက် ရှိသည်။

ရတနာပုံမန္တလေးမြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီးက မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရားကို ကောဇာသက္ကရာဇ် ၁၂၂၇ ခုနှစ်တွင် တည်ထားကိုးကွယ်တော်မူခဲ့ရာ ယခုနှစ် ၁၃၈၆ ခုနှစ်တွင် ကျောက်တော်ကြီးဘုရားသက်တမ်းမှာ ၁၅၉ နှစ်ရှိပြီဖြစ်ပြီး ဘုရားပွဲတော်ကို ယခုနှစ်တွင် (၁၃၆)ကြိမ်မြောက် ကျင်းပခြင်း ဖြစ်သည်။

နှစ်စဉ် သီတင်းကျွတ်လဆန်း ၈ရက်မှ လပြည့်ကျော် ၃ရက်အထိ ၁၀ရက်တိုင်တိုင် ကျင်းပလေ့ရှိရာ ပွဲတော်မတိုင်မီရက်များနှင့်ဆိုလျှင် ဘုရားပွဲတော်များတွင် ရက်ကြာအရှည်ဆုံး ပွဲတော်ကြီးဖြစ်သည်။ ကျောက်တော်ကြီးဘုရား၊ စန္ဒာမုနိဘုရား၊ ကုသိုလ်တော်ဘုရား သုံးဆူပွဲတော်ကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းမှာ ကျင်းပခြင်းဖြစ်သည်။

ကျောက်တော်ကြီးပွဲတော်သည် မြန်မာနိုင်ငံအထက်ပိုင်းရှိ အကြီးကျယ်ဆုံးသော ဘုရားပွဲတော်ဖြစ်ပြီး အနယ်အနယ်အရပ်ရပ်မှ ဘုရားပွဲတော်လာ ဘုရားဖူးများနှင့် ၁၂ပွဲ ဈေးသည်များနှင့် စည်ကားလျက်ရှိသည်။

ဘုရားပွဲဈေးတန်းတွင် မုန့်ပဲသရေစာများ၊ သီတင်းကျွတ်ရောင်စုံမီးအလှများ၊ ကလေးကစားစရာအရုပ်ဆိုင်များ၊ အိုးပုတ်ဆိုင်များ၊ ဖျာနှင့်အိမ်အသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည်များ၊ အပျော်တမ်း ဘောလုံးပစ်ဆိုင်များ၊ ကောက်ညှင်းကျည်တောက်များ၊ ကရေကရာမုန့်ဆိုင်များနှင့် စုံလင်လှသည့် ပွဲတော်ကြီးဖြစ်သောကြောင့် အနီးအနားရှိ ကျေးရွာများမှ ရွာလုံးကျွတ်လာရောက်လည်ပတ် ဘုရားဖူးကြသည်။

ကျောက်တော်ကြီးပွဲတော်ကို ယခင်နှစ် (၁၃၅)ကြိမ်တွင် ကိုဗစ်ကာလအလွန်ပွဲတော်ဖြစ်သောကြောင့် အထူးစည်ကားခဲ့သလို ယခုနှစ် (၁၃၆)ကြိမ်မြောက်တွင်လည်း ပွဲတော်ရက်မတိုင်မီရက်များကတည်းက စည်ကားလျက်ရှိရာ ပွဲတော်ရက်များတွင် ပိုမိုစည်ကား လာမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**ရွှေမန်း**






## တန်ဖိုးမြင့်စားသောက်ကုန်(Bakery)ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကျင်းပ၊ သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဆန်၊ ပဲ၊ ပြောင်းနှင့် ဂျုံများအား အခြေခံ၍ တန်ဖိုးမြင့် စားသောက်ကုန်များအဖြစ် ကျန်းမာရေးနှင့် ညီညွတ်စွာထုတ်လုပ်တတ်စေရန်၊ကုန်ထုတ်လုပ်ငန်းများ တိုးပွားလာခြင်းဖြင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန်၊ မိသားစုတစ်နိုင် တစ်ပိုင်လုပ်ငန်းများ လုပ်ကိုင်လာခြင်းဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများထူထောင်၍ မိသားစုဝင်ငွေတိုးစေရန်ရည်ရွယ်၍ တန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို စက်တင်ဘာ ၂၃ရက်မှ ၂၇ရက်အထိ အောင်မြေသာစံမြို့နယ်၊ ၈၂လမ်းနှင့်၂၅လမ်းထောင့်ရှိ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် ဖွင့်လှစ်ခဲ့သည်။

သင်တန်းဆင်းပွဲတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးက အမှာစကားပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်မှ သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များအား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်မျိုးလွင်၊ တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုးနိုင်နှင့် မုန့်လုပ်ငန်းရှင်များ အသင်း(စစ်ကိုင်း)မှ ဦးပြေသိန်းတို့မှ သင်တန်းဆင်းလက်မှတ်များချီးမြှင့်၍ သင်တန်းသား၊ သင်တန်းသူများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့သည်။သင်တန်းတွင် သင်တန်းသား၊သင်တန်းသူ ၂၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ) (၀၄၅)**



## စက်ရုံတွင်မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်၊ သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ် မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်း၌ မီးလောင်မှု မီးလန့်မှုများမရှိစေရေးအတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်မှု ရှာဖွေကယ်ဆယ်ရေးဇာတ်တိုက် လေ့ကျင့်ခြင်းများကို စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက စက်မှုဇုန်-၂ရှိ GRAND ROYAL GROUP စက်ရုံတွင် ဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူးလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကို၏ ကြီးကြပ်မှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စက်ရုံဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့မှ မီးငြိမ်းသတ်ယာဉ်များဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်မှုရှာဖွေကယ်ဆယ်ရေးဇာတ်တိုက်လေ့ကျင့်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

ထို့နောက် စက်ရုံအတွင်း လျှပ်စစ်မီးကြိုးများ စနစ်တကျ သွယ်တန်းထားခြင်းရှိ၊ မရှိ၊ မီးသတ်ရေလှောင်ကန်များ၊ မီးသတ်စက်များနှင့် မီးသတ်ဆေးဘူးများ ထားရှိမှုတို့အား စစ်ဆေးခဲ့ကြပြီး စက်ရုံဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ဆောင်ရွက်ထားရမည့် အချက်များကို ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။

**(ဝဲပုံ) (၀၅၇)**

## FITC နိုင်ငံတကာ တရုတ်ဘာသာသင်ကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ ကာယဉာဏစွမ်းရည်ပြိုင်ပွဲ၊ သရုပ်ပြပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၃၀**

FITC ဖူးကျင့် နိုင်ငံတကာ တရုတ်ဘာသာသင်တန်းကျောင်းတွင် ကွန်ဖျူးရှပ်နေ့ အထိမ်းအမှတ် တရုတ်ဘာသာသင် ကျောင်းသား၊ ကျောင်းသူများ၏ ကာယဉာဏစွမ်းရည်ပြိုင်ပွဲနှင့် အားကစားသရုပ်ပြပွဲကို စက်တင်ဘာ ၂၉ ရက် နံနက် ၉ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း၃၀၊ ၈၂လမ်းနှင့် ၈၃လမ်းကြားရှိ ဖူးကျင့်ကွမ်ရင်တရုတ်ဗုဒ္ဓဘာသာ ဘုရားကျောင်းခန်းမတွင် ကျင်းပသည်။

**(အပေါ်ပုံ)**

အခမ်းအနားသို့ ဖူးကျင့်ကွမ်ရင်တရုတ်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ FITC နိုင်ငံတကာ တရုတ်ဘာသာသင်ကျောင်းမှ ကျောင်းအုပ်နှင့် ဆရာ၊ ဆရာမများ၊တရုတ်ဘာသာသင်ကျောင်းသား၊ကျောင်းသူများတက်ရောက်ပြီး တရုတ်စာရေးသားခြင်း၊ ပန်းချီရေးဆွဲခြင်းပြိုင်ပွဲများ ဖူးကျင့် ဝူရှူးအဖွဲ့မှ သရုပ်ပြသခြင်း၊ တေးသရုပ်ဖော်အကများ တင်ဆက်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်းသိရသည်။

**မောင်ပြည်သူ**

## စာဖတ်ရိုင်းမြင့်တင်ရေး အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အမှတ်(၅) အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရိုန်မြင့်တင်ရေး၊ စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိပြီး အသိပညာဗဟုသုတများရရှိစေရန် ရည်ရွယ်၍ စက်တင်ဘာ ၂၉ ရက် မွန်းလွဲ ၃ နာရီက အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် အမှတ်(၅)အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်ဦးက ငယ်ရွယ်စဉ်အချိန်ကပင် ကျောင်းစာအပြင် ပြင်ပစာပေများ ဖတ်ရှုတတ်သည့် အလေ့အကျင့်များရရှိစေရန်နှင့် စာပေဖတ်ရှုခြင်းဖြင့် လိမ္မာယဉ်ကျေးပြီး အမှားအမှန် ဆုံးဖြတ်တတ်စေရန်၊ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ကျောက်ဆည်ခရိုင်ပြန်/ဆက်ဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက စာပေဖတ်ရှု၍ ဗဟုသုတအသိပညာများ ပြည့်ဝနေပါက လိုအပ်သည့်နေရာတွင် လိုအပ်သလို အလွယ်တကူ လုပ်ဆောင်နိုင်သည့်အတွက် အောင်မြင်ကြီးပွားသူများ မလွဲဧကန်ဖြစ်စေမှာဖြစ်ကြောင်း အသိပညာပေးဟောပြောခဲ့သည်။

အသိပညာပေးဟောပြောပွဲအပြီးတွင် ကျောင်းသား၊ကျောင်းသူများက ကျောက်ဆည်ခရိုင်ပြန်/ဆက် ဌာနမှ ပြသထားသည့် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ အရွယ်မရောက်သေးသူကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး၊သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(၄၈၅)**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူထုလှုပ်ရှားမှု အသိပညာပေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်



**မင်းဘူး စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊မင်းဘူး(စကု)မြို့နယ် ထောက်ရှာပင်ဆိပ်ကမ်း၌ ဧရာဝတီမြစ်ကမ်းနား တစ်လျှောက် ပလတ်စတစ်နှင့် အခြားအမှိုက်များ စွန့်ပစ်ခြင်းများ ကင်းဝေးစေရန်နှင့် အန္တရာယ်အမှိုက်သရိုက် ညစ်ညမ်းမှုများ မဖြစ်ပေါ်စေရေး ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူထုလှုပ်ရှားမှု အသိပညာပေး လုပ်ငန်းဆောင်ရွက်ခြင်းကို စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ **(ဓါတ်ပုံ)**

အဆိုပါ လုပ်ငန်းကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ လမ်းညွှန်ချက်အရ ဧရာဝတီမြစ်ကမ်းနားတစ်လျှောက်နှင့် ဆိပ်ကမ်းနယ်များတွင် ဆိုက်ကပ်ထားသော ရေယာဉ်များ၊ဆိပ်ကမ်းနယ်အနီးဝန်းကျင်ရှိ စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းများ ဆိပ်ကမ်းအနီးတစ်ဝိုက်တွင် နေထိုင်သူများကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရေးနှင့် စွန့်ပစ်အမှိုက်များအား မြစ်ချောင်းများအတွင်း စည်းကမ်းမဲ့ စွန့်ပစ်ခြင်းကြောင့် ရေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု မဖြစ်ပေါ်စေရေး စီမံဆောင်ရွက်နိုင်ရန်အတွက် လူထုလှုပ်ရှားမှုအဖြစ် စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က "ပင်လယ်သမုဒ္ဒရာနှင့် မြစ်များအတွင်း ပလတ်စတစ်နှင့် အခြားအမှိုက်များ မစွန့်ပစ်ခြင်းဖြင့် အန္တရာယ်အမှိုက်သရိုက်ညစ်ညမ်းမှု မဖြစ်ပေါ်စေရေး ဝိုင်းဝန်းထိန်းသိမ်းကြပါစို့" ဆောင်ပုဒ်နှင့်အညီ မင်းဘူးမြို့နယ် ထောက်ရှာပင်ဆိပ်ကမ်းရှိ ရေယာဉ်များပေါ်တွင် အသိပညာပေး ဗီနိုင်းပိုစတာများကပ်ခြင်း၊ ဧရာဝတီမြစ်ကမ်းဘေး တစ်လျှောက် သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းအမှိုက်ကောက်ခြင်း၊ ဆိပ်ကမ်းအနီးရှိ စားသောက်ဆိုင်များတွင် အသိပညာပေး ပိုစတာများကပ်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ လူစည်ကားရာ နေရာများတွင် စနစ်တကျ အမှိုက်စွန့်ပစ်နိုင်ရေး အမှိုက်ပုံးထားရှိပေးခြင်းတို့ကို စုပေါင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(၄၄၅)**

## ရေဘေးသင့်ကျေးရွာများတွင် ပုံစံ(၆၆/၆)နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြန်လည်ပြုလုပ်ပေး



**ကျောက်ဆည် စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အတွင်း၌ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ချောင်းရေ၊ မြစ်ရေများ လျှံတက်ကာ မြေနိမ့်ပိုင်းရပ်ကွက်၊ ကျေးရွာအချို့တွင် ရေများဝင်ရောက်ခဲ့ပြီး ပျောက်ဆုံး၊ ပျက်စီးခဲ့သည့် ပုံစံ(၆၆၊ ၆)နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြန်လည်ပြုလုပ်ပေးလျက်ရှိရာ ယမန်နေ့က ပန်းကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများအား ပျောက်ဆုံး၊ ပျက်စီးခဲ့သည့် ပုံစံ(၆၆၊ ၆)နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြန်လည်ပြုလုပ်ပေးခဲ့သည်။

ထိုသို့ ပျောက်ဆုံး၊ ပျက်စီးခဲ့သည့် ပုံစံ(၆၆၊ ၆)နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြန်လည်ပြုလုပ်ပေးရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်လူဝင်မှုကြီးကြပ်ရေးမှူး ဦးအောင်မိုးဝင်း ဦးစီး(၂)နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိ၊ ရပ်ဖများ ပူးပေါင်း၍ ပြည်သူများ လူမှုဘဝပြည့်စုံရေးနှင့် အခက်အခဲမရှိစေရေးပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**(ယာပုံ)**

**(၄၈၅)**

၀-၀-၀-၀-၀-၀

## အထူးကုဆရာဝန်ကြီးအဖွဲ့ အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေး

**တပ်ကုန်း စက်တင်ဘာ ၃၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် နေပြည်တော်ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံမှ အထွေထွေရောဂါကုသမားတော်ဒေါက်တာစိုးနောင်နောင် ဦးဆောင်၍ တပ်ကုန်းခုတင် ၁၀၀ ပြည်သူ့ဆေးရုံအုပ် ဒေါက်တာအုပ်စိုးလင်း၊ ကလေးရောဂါအထူးကုဆေးရုံကြီးမှ ကလေးအထူးကုဒေါက်တာအောင်ကိုကိုမျိုးနှင့် အရိုးရောဂါ၊ စိတ်ရောဂါ၊ ကလေးရောဂါ၊ ခွဲစိတ်ဆရာဝန်၊ အထွေထွေရောဂါကုဆရာဝန်များနှင့် သူနာပြုများက ယမန်နေ့ နံနက်ပိုင်းက ငွေတောင်တောရပရိယတ္တိ စာသင်တိုက်၊ ဦးရှောင်ဟိုး ဗိမာန်တော်တွင် ရဟန်း၊ သံဃာများနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးခဲ့သည်။

အဆိုပါ အထူးကု ဆရာဝန်အဖွဲ့များက အရိုးရောဂါလူနာ ၉ ဦး၊ အထွေထွေရောဂါလူနာ ၃၉ဦး၊ ကလေးအထွေထွေရောဂါ ၂၃ ဦး၊ အကြိတ် ရောဂါလူနာ ၅ ဦး၊ စိတ်ရောဂါ လူနာ ၄ ဦးတို့အား ကျန်းမာရေး စောင့်ရှောက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း(မြို့နယ်အဆင့်) စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲ ကျင်းပ

**သရက် စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်၌ ၂၀၂၄ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ခရိုင်ခန်းမ၌ ကျင်းပရာ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။ **(အောက်ပုံ)**



အဆိုပါ အခမ်းအနားတွင် အဖွင့်အမှာစကားကို မြို့နယ်အဆင့်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဦးစီးအရာရှိဦးစိုးနိုင်ဝင်းက ပြောကြားရာတွင် သန်းခေါင်စာရင်းဆိုသည်မှာ လူဦးရေ အိမ်အကြောင်းအရာနှင့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးအစရှိသည့် နိုင်ငံအတွက် အထောက်အကူပြုမည့် အချက်အလက် အကြောင်းအရာများကို တစ်နိုင်ငံလုံး(သို့မဟုတ်)သတ်မှတ်နယ်မြေဒေသတစ်ခုအတွင်း၌ ရှိသည့် လူတိုင်းကို တစ်ကြိမ်တည်း တစ်ပြိုင်တည်း မထပ်၊ မကျန်ရရှိအောင်ကောက်ယူသည့် လုပ်ငန်းဖြစ်သည်ဟု ပြောကြားခဲ့ပြီး သင်တန်းပြီးမြောက်အောင် တက်ရောက်ခဲ့သော ဆရာ၊ ဆရာမများအား သန်းခေါင်စာရင်းကောက်ယူရာတွင် မထပ်၊ မကျန်စေရန်နှင့် စာရင်းအမှန်ရရှိအောင် ကောက်ယူကြပါရန် ပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်ဝမ်းထွန်း(အောင်လံ)**

## မဲခေါင်-လန်ချန်း သစ်သီးပွဲတော် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် လာရောက်ကျင်းပ


မဲခေါင်-လန်ချန်း သစ်သီးပွဲတော်ကို မြန်မာနိုင်ငံတွင် ပထမအကြိမ် စက်တင်ဘာ ၂၆ ရက်က ရန်ကုန်မြို့တွင် လာရောက်ကျင်းပခဲ့သည်။

သစ်သီးပွဲတော်ကို ရန်ကုန်မြို့ Wyndham Grand Yangon ၌ ကျင်းပခဲ့ပြီး လန်ချန်း-မဲခေါင်အဖွဲ့အစည်းမှ တာဝန်ရှိသူများ မြန်မာနိုင်ငံအခြေစိုက် ယူနန်ပြည်နယ် စီးပွားရေးကိုယ်စားလှယ်ရုံးမှ ဦးဆောင်တာဝန်ယူမှုဖြင့် မြန်မာနိုင်ငံ သစ်သီးဝလံ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (MFVP)မှ ပူးပေါင်းကာ တရုတ်နိုင်ငံမှ သက်ဆိုင်ရာ လုပ်ငန်းရှင်များ ဖိတ်ခေါ်၍ မြန်မာနိုင်ငံတွင် ပထမဆုံးကျင်းပခြင်းဖြစ်သည်။

"သစ်သီးဆိုင်ရာ သွင်းကုန်၊ ပို့ကုန်သမားတွေ သီးနှံစိုက်ပျိုးရေးအဖွဲ့အစည်းတွေနဲ့ သယ်ယူပို့ဆောင်ရေးကုမ္ပဏီတွေပါတယ်။ တရုတ်လုပ်ငန်းရှင် ၃၈ ဦးနဲ့ မြန်မာလုပ်ငန်းရှင် ၄၀ ဦး တက်ရောက်ခဲ့ပါတယ်။ နှစ်နိုင်ငံကုန်သွယ်မှုပိုင်းဆိုင်ရာ ဖလှယ်တဲ့ပွဲဖြစ်ပါတယ်။ အဓိက အသီးအနှံဝယ်ယူသူနှင့် ရောင်းချသူချိတ်ဆက်ပေးတဲ့ပွဲလည်း ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံအခြေစိုက် ယူနန်စီးပွားရေးကိုယ်စားလှယ်ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နှစ်နိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးအသင်းအဖွဲ့များ ပူးပေါင်းကာ လန်ချန်း-မဲခေါင် သစ်သီးပွဲတော်ကို နှစ်စဉ် တရုတ်နိုင်ငံ၌ ကျင်းပနေခြင်းဖြစ်ပြီး ယခုအခါ မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ရွှေမန်း**



# မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများမှ ငွေလှူဒါန်း

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေးတက္ကသိုလ် ကျန်းမာရေး စောင့်ရှောက်မှုကော်မတီမှ ကန်တော့ခံဆရာ၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့် ကိစ္စရပ်များ စဉ်ဆက်မပြတ် ထောက်ပံ့လျက်ရှိရာ ကျောင်းသား၊ ကျောင်းသူဟောင်းများကလည်း ကျန်းမာရေးငွေပဒေသာပင်များ စိုက်ထူလှူဒါန်းလျက်ရှိသည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေး စောင့်ရှောက်မှုကော်မတီသို့ ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို စက်တင်ဘာ ၂၉ရက် မွန်းလွဲ ၃နာရီက ချမ်းအေးသာစံမြို့နယ်၊ ၇၁လမ်း၊ ၂၉လမ်းနှင့်လမ်း၃၀ကြား ရှိ စိန်မြင့်မိုလ်ကဖေး သီးသန့်ခန်းတွင် ကျင်းပရာ မုံရွာတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာ အောင်ကျော်သင်း + မန္တလေးတက္ကသိုလ်ဘူမိဗေဒဌာနပါမောက္ခ၊ ဌာနမှူး ဒေါက်တာ ကြည်ကြည်လင်း မိသားစုက ငွေကျပ်ငါးသိန်းကို လှူဒါန်းရာ ကျန်းမာရေး စောင့်ရှောက်မှုကော်မတီ နာယက ဦးတင်မောင်၊ ဒုတိယဥက္ကဋ္ဌ ဦးပိုမြင့်၊ ဘဏ္ဍာရေးမှူး ဦးစိုးလွင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေး စောင့်ရှောက်မှုကော်မတီ အနေဖြင့် အဖွဲ့တည်ထောင်သည့် ၂၀၂၃ခုနှစ် မေ ၂၃ရက်မှစ၍ ၂၀၂၄ခုနှစ် စက်တင်ဘာ ၂၉ ရက်ထိ ဆရာ၊ ဆရာမကြီး စုစုပေါင်း ၃၁၅ဦးတို့အား ကျန်းမာရေး စောင့်ရှောက်မှုဂါရဝပြု ငွေကျပ် ၅၃၈သိန်း ပေးအပ်နိုင်ခဲ့ပြီး ဘဏ်တွင် ငွေကျပ် သိန်း ၂၈၀၀ ကျော် စုဆောင်းထားရှိကြောင်း သိရသည်။ **(အောက်ပုံ)(၀၄၅)**



# စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

**ပုဗ္ဗသီရိ စက်တင်ဘာ ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသားလူငယ်များ အသိပညာ ဗဟုသုတ တိုးပွားစေရန်ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း အခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီက ပုဗ္ဗသီရိမြို့နယ်၊ သပြေကုန်း အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပခဲ့သည်။

အဆိုပါ စကားဝိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သပြေကုန်း အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာကြီး ဦးမောင်အေးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပုဗ္ဗသီရိမြို့နယ်ရုံးမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းနွယ်က စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။



ဆက်လက်၍ လူငယ်စကားဝိုင်း ကျင်းပခဲ့ရာ စေ့စပ်ညှိနှိုင်းရေးမှူးအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပုဗ္ဗသီရိမြို့နယ်ရုံးမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းနွယ်က ဆောင်ရွက်ပြီး သပြေကုန်း အခြေခံပညာအထက်တန်းကျောင်းခွဲမှ မမိုးပြည့်စုံ (Grade-11) က "တန်ဖိုးရှိသောလူ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်အာကာကျော် (Grade-11)က "ရွှေရောင်လူငယ်နှင့်ရွှေရောင်အနာဂတ်"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မမိုးမြင့်ချယ်ရီ (Grade-10)က "နှုတ်ဆိုစကားနားချိုစေ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်ဘုန်းစေပိုင် (Grade-9)က "လူငယ်နှင့်သာသနာ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်ဘုန်းပြည့်လျှံ (Grade-7)က "လူငယ်နှင့်အချိန်၏တန်ဖိုး" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဦးဆောင်ဆွေးနွေးခဲ့ပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးမှုများနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ပါဝင်ဆွေးနွေးကြသော ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်စာစောင်များ၊ အသိပညာပေး နံရံကပ်စာစောင်များကို အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**




ပတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## သန်းခေါင်စာရင်းကောက်ယူရေး ဝိုင်းဝန်းကူညီပေး

* တို့မြန်ပြည် နေထိုင်မှုရယ်နဲ့
အိမ်ထောင်စု သန်းခေါင်စာရင်းတွေ ။
အောက်တိုဘာလ တစ်ရက်မှ
ကောက်ကြမယ်လေ ။
မြို့ရွာလူထု လူဦးရေ
မှန်ကန်စေ ထမ်းရွက်အား ။
စိတ်တူညီ ဖြေကြားလို့ရယ်
ဝိုင်းဝန်းစို့လား ။
နိုင်ငံသားချင်း မခွဲခြားကာပ
တန်းတူထား ပြုစုမှာ ။
သက်ရှင်သန်မှု နေထိုင်နှုန်း
ပြည်လုံးမှန်စွာ ။
ကောက်ယူခြင်းနဲ့ ကျိုးဆောင်ရာ
ခေတ်ရှည်ကြာ မော်ကွန်းထိုး ။
တို့မြန်မာပြည် ကောင်းခြင်းဆက်လို့ရယ်
တိုးတက်ဖွံ့ဖြိုး ။
လူဦးရေ ထပ်ကာတိုးလို့
တို့လူမျိုး ညီညွတ်အစဉ် ။
အိမ်အကြောင်းအရာ တို့ဖြေကြား
ပြည့်အားအမှန်ပင် ။
စာရင်းကောက်ရာ တို့ပါဝင်
ပြီးပျော့်ရွှင် ကူညီထား ။
နိုင်ငံတကာတွင် "မြန်မာဟေ့"လို့ရယ်
ဂုဏ်ပွေ့မော်ကြွား ။ ။

(၂၀၂၄ခုနှစ် အောက်တိုဘာလ ၁ရက်မှ ၁၅ရက်အထိ ပြုလုပ်မည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းအား ကြိုဆိုဂုဏ်ပြုရေးဖွဲ့ပါသည်)

**သျှထက်ဆန်း(မန္တလေး)**

# မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေးလုပ်သား သင်တန်းဖွင့်လှစ်

**သရက် စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၌ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေး လုပ်သား သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၇ရက် နံနက် ၁၀ နာရီက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးခန်းမ၌ ဆောင်ရွက်ခဲ့ရာ ကျန်းမာရေး လုပ်သား ၂၀ဦး တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူရက အဖွင့်အမှာစကားပြောကြားရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အနေဖြင့် စိတ်ပါဝင်စားပြီး တက်ကြွလှုပ်ရှားမှုအားကောင်းသော တိရစ္ဆာန်ကျန်းမာရေး လုပ်သား၂၀ဦးအား အရည်အသွေးမြင့်မားစေရန်အတွက် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာ သိမ့်သိမ့်ဖူးပွင့်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်အား ပြောကြားပေးခဲ့သည်။

သင်တန်းဖွင့်ပွဲအပြီးတွင် သင်တန်းကို ဆက်လက်ပို့ချပေးခဲ့သည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား ၂၀ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ သုံးရက် ပို့ချပေးခဲ့ကြောင်း သိရသည်။



**(အောက်ပုံ)**

**ဇော်ထက်(သရက်)**

*-*-*-*-*

## သတင်းပဒေသာ

### သန်းခေါင်စာရင်းကောက်ယူခြင်း လက်တွေ့စမ်းသပ် ကွင်းဆင်းဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့၌ ၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လက်တွေ့စမ်းသပ် ကွင်းဆင်းဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၉နာရီခွဲက အမှတ်(၁) ရပ်ကွက်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### ရေဘေးသင့်ပြည်သူများအား ထောက်ပံ့

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့တွင် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီက ကလောမြို့၊ ရပ်ကွက်(၃)ရှိ မဟာဆေးဝက်ဘာဘုန်းကြီးကျောင်းနှင့် ရပ်ကွက်(၁)ရှိ မဟာဓမ္မိကာရာမ သိမ်တောင်ပရိယတ္တိစာသင်တိုက်တို့တွင် ယာယီနေထိုင်နေသည့် ရေဘေးသင့်ပြည်သူများအတွက် ကမ္ဘောဇဖောင်ဒေးရှင်းနှင့် ရှမ်းတောင်ပရဟိတ ညီနောင်များကွန်ယက်အဖွဲ့မှ ထောက်ပံ့လှူဒါန်းပွဲ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### သင်တန်းပို့ချနေမှုများကို ကွင်းဆင်းကြည့်ရှုအားပေး

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊မိုင်းကိုင်မြို့နယ်၌ လူ့ဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်သင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ သင်ကြားပို့ချပေးလျက်ရှိရာ စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက ခရိုင်အဆင့်၊ မြို့နယ်အဆင့် သန်းခေါင်းစာရင်းကော်မတီ တာဝန်ရှိသူများက သင်တန်းပို့ချနေမှုများကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### အခြေခံပညာ အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

ချင်းပြည်နယ်အတွင်း သမဝါယမစိတ်ဓာတ်ထွန်းကားပြန့်ပွားရေး အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို စက်တင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့၊ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### အသိပညာပေး ရှင်းလင်းပွဲ ကျင်းပ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၌ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ခုနှစ်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေဆိုင်ရာ(ခရိုင်အဆင့်) အသိပညာပေးရှင်းလင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### သန်းခေါင်စာရင်း လက်တွေ့ကွင်းဆင်း ကောက်ယူ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စာရင်းစစ်၊ စာရင်းကောက်သင်တန်းသား၊ သင်တန်းသူများသည် မြေပြင်တွင် လက်တွေ့ကွင်းဆင်းကောက်ယူခြင်းကို ယမန်နေ့ နံနက်ပိုင်းက ဈေးတန်းရပ်ကွက်တွင် ကွင်းဆင်းကောက်ယူခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## သံဃာ့ဆေးရုံကြီးသို့ အလှူငွေ လှူဒါန်း

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေး၊ ချမ်းမြသာစည် မြို့နယ်၊ ကန်တော်ကြီး၊ ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ တောင်ကြီးမြို့နေ ဖခင် ဦးခင် + မိခင်(ဒေါ်စောခင်) (၁၃) နှစ်ပြည့်နှင့် ညီ ကိုအောင်သိန်း၊ ကိုအောင်ရွှေတို့အား ရည်စူး၍ ဦးအောင်မြင့် + ဒေါ်မြသန်းဝင်း မိသားစုမှ ဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် ခုနစ်သိန်းကို ယမန်နေ့က လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏ၊ အဖွဲ့ဝင် ဦးဝင်းမြင့်တို့မှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်သည်။ အလှူရှင်များ လှူဒါန်းလိုပါက ၀၉-၄၀၂ ၆၂၆၃၂၄ သို့ တိုက်ရိုက်ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ဝဲပုံ) (ကဆ)**

*-*-*-*-*

## (၆၀)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု စုပေါင်းသွေးလှူဒါန်း

**မန္တလေး စက်တင်ဘာ ၃၀**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၀)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေး ရဲအရာရှိအတတ်သင်ကျောင်းမှ သန္တေတပ်ဖွဲ့ဝင်များနှင့် သင်တန်းသားများ၏ စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ခုတင်(၅၅၀)ဆံ့ကလေးဆေးရုံကြီးတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ သွေးလှူဒါန်းပွဲသို့ မန္တလေး ရဲအရာရှိအတတ်သင်ကျောင်း၊ ဒုတိယကျောင်းအုပ်ကြီး၊ ရဲမှူးကြီး ရဲခိုင်နှင့် တာဝန်ရှိသူများက ရဲအရာရှိအတတ်သင်ကျောင်းမှ သန္တေတပ်ဖွဲ့ဝင်နှင့် သင်တန်းသား တပ်ဖွဲ့ဝင် စုစုပေါင်း ၇၀ဦးတို့၏ စုပေါင်းသွေးလှူဒါန်းနေမှုများကို လိုက်လံကြည့်ရှု အားပေးခဲ့ကြကြောင်းနှင့် သွေးအိတ်များကို ဆေးရုံအုပ်ကြီးက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၄)**





## ဝန်ထမ်းမိသားစုများ ဘုံဆွမ်းလောင်းလှူ

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင် စည်ပင်ဝန်ထမ်းအိမ်ရာ ၃၆လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လေးပြင်လေးရပ်မှ ကြွရောက် အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက (၉၈)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ငါးကြင်းခြစ်ချက်၊ ပဲတီချဉ်သုပ်တို့ကို ၃၆လမ်းနှင့် ၆၉လမ်းထောင့်တွင်ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော် ၂၅၀ ပါးကျော်တို့အား နံနက် ၅ နာရီခွဲမှ စတင်လောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ရန် ပင့်ဖိတ်ထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**

## ရေဘေးသင့်ပြည်သူများ ကျန်းမာရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တိုင်းကြက်ခြေနီကော်မတီသို့ ငွေလှူဒါန်း

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီသို့ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စက်တင်ဘာ ၂၈ရက်က မန္တလေးမြို့ရှိ Sunflower International School ၏ ကျောင်းကောင်စီအဖွဲ့ဝင်များက ငွေကျပ် ၂၅သိန်း လှူဒါန်းခဲ့သည်။

ငွေလှူဒါန်းမှုတွင် ကျောင်းကောင်စီအဖွဲ့ဝင် Public Officer မဆုပြည့်စုံက ရန်ပုံငွေရရှိရေး ဆောင်ရွက်ခဲ့ပုံများကို မျှဝေပေးခဲ့ပြီး တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကျော်ကျော်က ကျေးဇူးတင်စကားပြောကြားကာ တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်များက လက်ခံရယူခဲ့သည်။



မန္တလေးမြို့ရှိ Sunflower International School မှ အလှူရှင်များသည် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့်ရုံးအဖွဲ့၊ မြစ်သားမြို့နယ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များလိုက်ပါပြီး မြစ်သားမြို့နယ်၊ ယွေးကျေးရွာရှိ ရေဘေးသင့် အိမ်ထောင်စု(၈၀)တို့အား တစ်အိမ်ထောင်လျှင် ငွေကျပ်တစ်သိန်း၊ အစားအသောက်နှင့်အသုံးအဆောင်ပစ္စည်းများနှင့် ရေဘေးသင့်ဘုန်းကြီးကျောင်းများသို့လည်း စုစုပေါင်း ငွေကျပ်သိန်း ၃၀၀ ဖိုးခန့် ကွင်းဆင်းလှူဒါန်းခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**(ဝ၄၅)**

# သက်ကြီးပုဂ္ဂိုလ်များ ဂုဏ်သိက္ခာရှိစွာရပ်တည်ရေး ကမ္ဘာအနှံ့ဘက်စုံ ပြုစုစောင့်ရှောက်ပေး

နှစ်စဉ်အောက်တိုဘာ ၁ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ ဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်ခုဖြစ်သော မြန်မာနိုင်ငံအနေဖြင့် ၁၉၉၉ ခုနှစ်မှစတင်၍ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားများ နှစ်စဉ် ကျင်းပခဲ့သည်။

သက်ကြီးပုဂ္ဂိုလ်များ ဘဝစိုပြည်လှပရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက အခြေခံမူ(၅)ရပ် ချမှတ်ထားသည်။ ၎င်းတို့မှာ (၁)အခြေခံလိုအပ်ချက်များပြည့်စုံစေ၍ မိမိကိုယ်ကိုရပ်တည်နိုင်မှု၊ (၂)လူမှုရေးနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး၊ (၃)ကြီးသူနှင့် ငယ်သူ အပြန်အလှန်စောင့်ရှောက်မှုပြုကြရေး၊ (၄)၎င်းတို့၏စွမ်းရည်နှင့် အခွင့်အလမ်းအား ၎င်းတို့ကိုယ်တိုင်ဖြည့်ဆည်းနိုင်ရေး၊ (၅)ဂုဏ်သိက္ခာရှိရှိနှင့် လုံခြုံမှုရှိစွာ ရပ်တည်ခွင့်ရရှိရေးတို့ ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ကို မြန်မာ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာနှင့်အညီ နှစ်စဉ်ကျင်းပသကဲ့သို့ ကုလသမဂ္ဂအခြေခံမူများကိုလည်း အလေးနက်ထား ဖော်ဆောင်ရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာနိုင်ငံတွင် သက်ကြီးရွယ်အိုဘိုးဘွားများအတွက် ဂုဏ်ပြုသတ်မှတ်ထားသည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့တွင်သာမက သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်မှုလုပ်ငန်းများကို အခါမလပ် ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် အခါကြီး၊ ရက်ကြီးများ၊ (သီတင်းကျွတ်လ၊ မဟာသင်္ကြန်ကာလ) စသည်များတွင် အလေးမြတ်ထား ပူဇော်ကန်တော့ကြသည်မှာ မြန်မာတို့၏ ထုံးတမ်းအစဉ်အလာများ ဖြစ်သည်။

ကမ္ဘာနှင့်အဝန်း နေ့စဉ်နှင့်အမျှ သက်ကြီးပုဂ္ဂိုလ်များ တိုးပွားလာလျက်ရှိသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း တိုးပွားလျက်ရှိသည်။ ၂၀၁၀ ပြည့်နှစ် လူဦးရေစာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေ ၅၄ သန်းတွင် အသက်၆၀နှစ်နှင့်အထက် လူဦးရေမှာ ၅ ဒသမ ၂၃ သန်းခန့်ရှိရာ နိုင်ငံ့လူဦးရေ၏ ၉ ဒသမ ၁၁ ရာခိုင်နှုန်းမှာ သက်ကြီးပုဂ္ဂိုလ်များ ဖြစ်သည်။ တစ်နေ့တစ်ခြား တိုးပွားလာသော ဘိုးဘွားများအရေအတွက်သည် အလေးထားဖွယ်ကိစ္စဖြစ်လာသည့်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးတွင် သက်ကြီးပုဂ္ဂိုလ်များ၏ဘဝ သာယာချမ်းမြေ့စေရန် လုပ်ငန်းအစီအစဉ်များဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ဘိုးဘွားဦးရေ တိုးပွားလာသော်လည်း ဘိုးဘွားများကို ပြုစုစောင့်ရှောက်ရေးအတွက် အခက်အခဲမရှိပါ။ မြန်မာလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံအရ အသက်အရွယ်ကြီးသူများကို ရိုသေလေးစားပြုစုစောင့်ရှောက်တတ်သည့် အလေ့အထများသည် ရှင်သန်နေဆဲဖြစ်သည်။

မိဘဘိုးဘွားသက်ကြီးပုဂ္ဂိုလ်များကို ရိုသေလေးစားစွာ လုပ်ကျွေးပြုစုစောင့်ရှောက်ခြင်းသည် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုထုံးဓလေ့တစ်ခုဖြစ်သည်။ ယင်းသို့ ရိုသေလေးမြတ်လုပ်ကျွေးပြုစုကြရန်ဆိုဆုံးမထားသည့် ဆုံးမစာများသည် မြန်မာစာပေတွင် အခိုင်အမာရှိနေသည်။ သက်ကြီးဘိုးဘွားမိအို၊ ဖအိုများအား သားသမီးမြေးများက ရိုသေလေးစားစွာ ကျွေးမွေးပြုစုစောင့်ရှောက်ကြသည်မှာ မြန်မာတို့၏ယဉ်ကျေးသောဓလေ့စရိုက်များပင်ဖြစ်သည်။



မြန်မာ့လူဘောင်အဖွဲ့အစည်းတွင် သားသမီးမြေးများသည် ဘိုးဘွားများနှင့်အတူ တစ်အိမ်တည်းတွင် ပျော်ရွှင်ချမ်းမြေ့စွာ သက်ဆုံးတိုင်နေထိုင်သည့်ဓလေ့သည် ယနေ့ထက်တိုင် ရှင်သန်လျက်ရှိပြီး ဘိုးဘွားများက သူတို့ဖြတ်သန်းခဲ့ရသော ဘဝအတွေ့အကြုံများကို အသိပညာပေးဆုံးမခြင်းသည် ချစ်စရာကောင်းသောဓလေ့တစ်ခုအဖြစ် တွေ့မြင်နိုင်သည်။ မြန်မာနိုင်ငံသည် စေတနာ့ဝန်ထမ်းဘိုးဘွားရိပ်သာများထူထောင်၍ သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်သည့်လုပ်ငန်းကို လွန်ခဲ့သောနှစ် ၁၀၀ ခန့်ကပင် စတင်ဆောင်ရွက်ခဲ့သည့်နိုင်ငံ ဖြစ်သည်။ မြန်မာလူမျိုးဘိုးဘွားများအား စောင့်ရှောက်မှုပေးသော ဘိုးဘွားရိပ်သာကို စတင်တည်ထောင်ပေးခဲ့သူမှာ ဒေါ်ဦးဖွန်းဖြစ်သည်။ ဒေါ်ဦးဖွန်းကို ၁၂၃၀ ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၅ ရက် သောကြာနေ့တွင် မန္တလေးမြို့မှ (အဘ)ပိုးကုန်သည် ဦးအိ၊ (အမိ)ဒေါ်မြင့်တို့က မွေးဖွားခဲ့ပြီး ငယ်စဉ်ကပင် မိဘနှစ်ပါးကိုရိုသေစွာ ပြုစုစောင့်ရှောက်ခဲ့သည်။ မိဘနှစ်ပါးကွယ်လွန်ပြီးနောက် အမျိုးဘာသာသာသနာအတွက် အစွမ်းကုန်ဆောင်ရွက်ခဲ့သည်။

ဘွားဦးဖွန်းသည် မိမိပိုင်ငွေကြေးဖြင့် စစ်ကိုင်းမြို့နယ် မင်းကွန်းတွင် ပထမဆုံး ဘိုးဘွားရိပ်သာ(လူအိုရုံ)ကို စတင်တည်ထောင်ခဲ့သည်။ ထို့နောက် သထုံမြို့ မြသပိတ်တောင်ခြေတွင်လည်းကောင်း၊ ပေါင်းတည်မြို့တွင်လည်းကောင်း၊ ပခုက္ကူမြို့တွင်လည်းကောင်း၊ ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာကိုလည်းကောင်း တည်ထောင်ခဲ့သည်။ ဘွားဦးဖွန်းသည် ၁၃၀၆ ခုနှစ် အသက် ၇၆ နှစ်အရွယ်တွင် မင်းကွန်း ဘိုးဘွားရိပ်သာတွင်ကွယ်လွန်ခဲ့သည်။




မြန်မာနိုင်ငံရှိ သက်ကြီးပုဂ္ဂိုလ်အများစုသည် ၎င်းတို့၏ သားသမီးမြေးမြစ်များ၊ ဆွေမျိုးသားချင်းများ၊ ရပ်ဆွေရပ်မျိုးများနှင့်အတူ အေးအတူပူအမျှ နေထိုင်ကြသူများဖြစ်သည်။ သက်ကြီးပုဂ္ဂိုလ်အချို့သည် မည်မျှပင်ဆင်းရဲနွမ်းပါးပြီး အစစအရာရာ ချို့တဲ့စေကာမူ မိမိ၏မိသားစုကိုတွယ်တာခြင်း၊ မိမိနေအိမ်ကို ခင်တွယ်ခြင်း၊ မိမိရပ်ရွာကိုခုံမင်ခြင်း၊ မိမိပတ်ဝန်းကျင်ကို နှစ်သက်မြတ်နိုးခြင်း အစရှိသောအကြောင်းများကြောင့် ဘိုးဘွားရိပ်သာများတွင် မနေထိုင်လိုကြသည်ကို တွေ့ရသည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ခိုကိုးရာမဲ့ဖြစ်ကြသည့် သက်ကြီးပုဂ္ဂိုလ်များကိုမူ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက ဘိုးဘွားရိပ်သာများ၏ အေးမြသောအရိပ်အာဝသအောက်ကို ခိုဝင်ရောက်ရှိအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တွင်လည်း ဘိုးဘွားရိပ်သာတစ်ခုရှိသည်။ အောင်မြေသာစံမြို့နယ်၊ မန္တလေး-မတ္တရာကားလမ်းဘေး၊ ရွှေမန်းတောင်အားကစားကွင်းအနောက်ဘက်၊ ဥပုသ်တော်ရပ်ကွက်တွင် တည်ရှိသည်။ ၁၉၇၅ ခုနှစ်တွင် အသားစားရှောင်ကြဉ်ရေးအဖွဲ့ကို ဦးဆောင်သူ ဦးကျော်လှက ငွေမ,တည်၍ တည်ထောင်ခဲ့သည်။ ယခုအခါ ခိုကိုးရာမဲ့ဘိုးဘွား ၇၀ ဦးခန့်အား ပြုစုစောင့်ရှောက်ထားသည်။

လက်ရှိ လူမှုအဖွဲ့အစည်းများအတွက် သက်ကြီးရွယ်အိုများသည် အကျိုးရှိနေဆဲ၊ အသုံးဝင်နေဆဲ ဖြစ်သည်ကို အသိအမှတ်ပြုသောအားဖြင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကဦးဆောင်၍ ၁၉၉၉ ခုနှစ်မှစတင်ကာ မပျက်မကွက် ကျင်းပဂုဏ်ပြုခဲ့သည်။ အခမ်းအနားကို အနှစ်သာရပြည့်ဝသည့် နှစ်တစ်နှစ်



ဖြစ်စေရန် ကုလသမဂ္ဂအဖွဲ့ကြီးက 'သက်ကြီးပုဂ္ဂိုလ်များ ဂုဏ်သိက္ခာရှိစွာရပ်တည်ရေး ကမ္ဘာအနှံ့ဘက်စုံပြုစုစောင့်ရှောက်ပေး' ဟု ယခုနှစ်အတွက် ဆောင်ပုဒ်အဖြစ် သတ်မှတ်ပေးထားသည်။ သက်ကြီးပုဂ္ဂိုလ်များဘဝသာယာရေးသည် လူသားအားလုံးနှင့် သက်ဆိုင်နေသောကိစ္စဖြစ်ကြောင်း အထူးအလေးထားစေရန် လမ်းညွှန်ပေးသည့်ဆောင်ပုဒ် ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် သက်ကြီးပုဂ္ဂိုလ်များ ဘဝသာယာရေးအတွက် သက်ကြီးရွယ်အိုများဥပဒေကို ၂၀၁၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး သက်ကြီးပုဂ္ဂိုလ်များအား ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်တစ်ခုဖြစ်သော လူမှုရေးပင်စင်ထောက်ပံ့မှုအစီအစဉ်ကို ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်မှစတင်၍ ယနေ့အထိ လူမှုဝန်ထမ်းဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီကို ၂၀၁၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး သက်ကြီးပုဂ္ဂိုလ်များ ဘဝသာယာဖွံ့ဖြိုးရေးကို ဆောင်ရွက်လျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ကို သက်ကြီးရွယ်အိုများအပေါ် လေးစားကြည်ညိုတတ်သည့် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကောင်းများအား မျိုးဆက်သစ်လူငယ်များ သိရှိနားလည်တတ်စေရန်နှင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ကို နှစ်စဉ်ကျင်းပခြင်းဖြင့် နိုင်ငံတော်မှ သက်ကြီးပုဂ္ဂိုလ်များအရေးကို အလေးထားဆောင်ရွက်ခြင်းများ ပြည်သူများသတိပြုမိစေရန်ရည်ရွယ်ပြီး စီစဉ်ကျင်းပခြင်းဖြစ်သည်။ ယခုကဲ့သို့ ကျင်းပခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ကြိုးပမ်းအားထုတ်မှုတွင် သက်ကြီးပုဂ္ဂိုလ်များသည်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နိုင်စွမ်းရှိကြောင်း သိရှိလာနိုင်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် သက်ကြီးပုဂ္ဂိုလ်များ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း ပေါ်လွင်စေမည်ဖြစ်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်။

နိုင်ငံတော်မှ လူမှုရေးပင်စင်ထောက်ပံ့မှုအစီအစဉ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ မန္တလေးတိုင်းဒေသကြီးတွင် အသက်(၈၅)နှစ်အထက် အဘိုး ၈၃၅၃ ဦး၊ အဘွား ၂၀၆၈၉ ဦးတို့အား လူမှုဝန်ထမ်းဦးစီးဌာနက သုံးလတစ်ကြိမ် ငွေကျပ် သုံးသောင်းနှုန်းဖြင့် လူမှုရေးပင်စင်ထောက်ပံ့ပေးလျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ကို ဂုဏ်ပြုသောအားဖြင့် အောက်တိုဘာ ၁ ရက်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အောင်မြေသာစံခရိုင်၊ မဟာအောင်မြေခရိုင်၊ အမရပူရခရိုင်များရှိ အသက်(၈၅)နှစ်အထက် အဘိုး၊ အဘွားများကို လှူဒါန်းငွေ၊ ကန်တော့ပစ္စည်းများဖြင့် ပေးအပ်ကန်တော့သွားမည် ဖြစ်သည်။ သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေးအတွက် စေတနာရှင်ပြည်သူများကလည်း ငွေအား၊ လူအားဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိပြီး သက်ကြီး၊ ရွယ်အိုများအပေါ် မေတ္တာ၊ ကရုဏာ၊ စေတနာ၊ အကြင်နာအပြည့်ဖြင့် ပြုစုစောင့်ရှောက်ကြပါစို့ဟု အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ ဂုဏ်ပြုရေးသားလိုက်ရပါသည်။

**မောင်ပြည်သူ(မန္တလေး)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## ဘောလိဝုဒ် တမီးလ်သရုပ်ဆောင် Suriya က Dhoom 4 တွင် ပါဝင်မည်

အိန္ဒိယတောင်ပိုင်း တမီးလ် စကားပြော ဘောလိဝုဒ်သရုပ်ဆောင် ဆူရီယားက ဟင်ဒီစကားပြော ဘောလိဝုဒ်ရုပ်ရှင် Dhoom 4 တွင် ဗီလိန်နေရာမှ ပါဝင်မည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါ Dhoom ရုပ်ရှင်တွင် John Abraham, Abtistek Bachchan နှင့် Aamir Khan က သုံးအထိ ရိုက်ကူးထားပြီး အပိုင်းလေးကို ဆက်လက်ရိုက်ကူးရာမှ တမီးလ်သရုပ်ဆောင် ဆူရီယားက ဗီလိန်ဇာတ်ကောင်နေရာမှ ပါဝင်ရန် ဆွေးနွေးနေကြပြီး အောင်မြင်လျှင် တရားဝင်ကြေညာချက်ထုတ်မည်ဖြစ်သည်ဟု ဆိုသည်။

ယင်း Dhoom ရုပ်ရှင်များသည် ဆိုင်ကယ်အသားပေး စတန့်ပြကွက်များနှင့် အက်ရှင်အသားပေးဖြစ်ကာ အဘီးဆစ်ဘာဂျမ်းနှင့် အူဒေးချိုပရားတို့က Dhoom သုံးကားလုံးတွင် ပါဝင်ထားကြသည်။

ဆူရီယား၏ ရုပ်ရှင်သစ် Kanguva ကို နိုဝင်ဘာ ၁၄ ရက်တွင် ရုံတင်မည်ဖြစ်ပြီး ဘောလိဝုဒ်သရုပ်ဆောင်များ ပါဝင်ထားကြသည်။ SKY

## မင်းသား Ji Soo က River Where the Moon Rises နှင့် ထုတ်ပယ်ခံရပြီး ရင့်ကျက်မှုရှိလာ

ချောမော၍ သရုပ်ဆောင်ကောင်းသော မင်းသား ဂျီဆိုသည် River Where the Moon Rises ဇာတ်လမ်းတွဲ ထုတ်လွှင့်နေစဉ် ကျောင်းတွင်း အကြမ်းဖက်မှုနှင့် စွပ်စွဲခံရပြီး ထုတ်ပယ်ခံရရာမှ ပျောက်ကွယ်နေပြီး ၂၀၂၄ ခုနှစ်တွင် ရင့်ကျက်မှုနှင့်အတူ ပြန်လာခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ စွပ်စွဲမှုနှင့် ဂျီဆိုကို ကီးအိစ်အေဂျင်စီက စာချုပ်ဖျက်သိမ်းပြီးနောက် ထုတ်လွှင့်နေဆဲ ဇာတ်ကားမှ ထုတ်ပယ်၍ နာအင်ဝူးကို အစားထိုးခဲ့ရာ ဂျီဆိုမှာ ၂၀၂၁ ခုနှစ်တွင် သင်တန်းတက်ရောက်၍ ၂၀၂၃ ခုနှစ်တွင် Sports Chosun သတင်းစာနှင့် သူစွပ်စွဲခံရမှုကို အင်တာဗျူးလုပ်၍ ချပြခဲ့သည်။

၂၀၂၃ ခုနှစ်ထိ လူမြင်ကွင်းမှ ပျောက်ကွယ်နေခဲ့ပြီး နောက်နှစ်ကုန်ပိုင်းတွင် ခရီးသွားပုံများ တင်ကာ မနေ့ကထက် ပိုကောင်းလာပြီဟု ရေးသားခဲ့ပြီး Parcing မဂ္ဂဇင်းနှစ်ပတ်လည်အထူးထုတ်တွင် မျက်နှာဖုံးမှ ပါဝင်ခဲ့ကာ အင်တာဗျူးလုပ်ထားပြီး သူ၏ ပျော်ရွှင်မှုမှာ သရုပ်ဆောင်အလုပ်ဟုဆို၍ ရင့်ကျက်စွာ ပြန်ပေါ်လာခဲ့သည်။ SKY



## ဂျပန်/တောင်ကိုရီးယားနိုင်ငံမှ သုတေသီများအသက်ရှည်ဆေး ရှာတွေ့ပြီ



### တောင်ကိုရီးယားနိုင်ငံမှ သုတေသီများအသက်ရှည်ဆေး ရှာတွေ့ပြီ

လူတို့သည် အသက်အရွယ်ရလာလျှင် ကိုယ်ခန္ဓာအတွင်းရှိ ဇီဝဖြစ်စဉ် တစ်နည်းနည်းဖြင့် ဆုတ်ယုတ်ချွတ်ယွင်းလာရာမှ ရောဂါဘယများခံစားရကာ သက်တမ်းစေ့မနေရဘဲ အသက်တိုကြရလေသည်။

ဆဲလ်များပျက်စီးကာ ဆဲလ်အသစ်များ အစားထိုးရန် ခက်ခဲရာမှ ရောဂါများစွဲကပ်လာခြင်းဖြစ်ကြောင်း ဇီဝကမ္မဗေဒ ပညာရှင်များ သုတေသနပြုတွေ့ရှိထားသည်။

ယင်းကဲ့သို့ ဆဲလ်များယိုယွင်းပျက်စီးခြင်းကို ကုစားပေးကာ လူ့သက်တမ်းပို၍ရှည်လာစေနိုင်မည့် အိုင်ယူဝမ်းခေါ် ဆေးတစ်မျိုးကို တောင်ကိုရီးယားသုတေသီများ မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

ချွန်းအန်တက္ကသိုလ်မှ ပါမောက္ခဆိုဂန်းဟွမ်ဦးဆောင်သော သုတေသီများသည် ထိုဆေးကို သစ်သီးများဖြင့် စမ်းသပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ SCI

## Lee Kwang Soo က ကိုရီးယား ဗီယက်နမ်ချစ်ကြည်ရေးဇာတ်လမ်းတွင် အဓိကနေရာမှ ပါဝင်

အာရှမင်းသားဟု Running Man တွင် နာမည်ရခဲ့သည့် လီကွမ်ဆူသည် အဖွဲ့မှ ထွက်ခဲ့ပြီးနောက် သရုပ်ဆောင်လောကသို့ ဝင်ခဲ့ရာမှ ကိုရီးယားဗီယက်နမ်ချစ်ကြည်ရေးဇာတ်လမ်းတွင် အဓိကခေါင်းဆောင်နေရာမှ ပါဝင်ထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါ ဇာတ်ကားအမည်မှာ Dreams of You ဖြစ်ပြီး ကိုရီးယားဗီယက်နမ်ချစ်ကြည်ရေး အချစ်ဟာသဇာတ်လမ်းတစ်ပုဒ်ဖြစ်ကာ အဓိကမင်းသားနေရာမှ လီကွမ်ဆူပါဝင်မည် ဖြစ်သည်။

ဗီယက်နမ်မင်းသမီး ဟွန်ဟာ၊ မင်းသား အွန်မွန်ဆူတို့လည်း ပါဝင်မည်ဖြစ်ပြီး လီကွမ်ဆူ အဓိကနေရာမှ ပါဝင်ထား၍ ပရိသတ်များ စိတ်ဝင်တစားဖြစ်နေကြသည်။ SKY

## Robert Downey Jr က Marvel ကားများနှင့် မီလီယံသန်းရာနှင့်ချီ၍ ချမ်းသာနေ

ဟောလိဝုဒ်နာမည်ကြီး မင်းသား ရောဘတ်ဒီနေဂိုဂျာသည် Marvel ဇာတ်ကားများ ရိုက်ကူးမှုမှ ဝင်ငွေများစွာ ရရှိခဲ့ပြီး လက်ရှိ မီလီယံသန်းရာနှင့်ချီ၍ ချမ်းသာနေသည့် ဟောလိ



ဝုဒ် ဈေးအများဆုံးသရုပ်ဆောင်တစ်ဦးဖြစ်လာခဲ့သည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

ရောဘတ်ဒီနေဂိုဂျာမှာ လွန်ခဲ့သည့်နှစ် နှစ်ဆယ်ကျော်က မူးယစ်ဆေးမှုနှင့် ထောင်ကျခဲ့ပြီး မွဲနေရာမှ လက်ရှိ အချမ်းသာဆုံး ဟောလိဝုဒ်ဈေးအများဆုံး သရုပ်ဆောင်တစ်ဦးဖြစ်လာခဲ့သည်။

သူ၏ ပထမဆုံး ရုပ်ရှင် ၂၀၀၈ ခုနှစ် Ironman မှာ ဒေါ်လာနှစ်သန်းသာရရှိခဲ့ပြီး Ironman 2 မှာ ဆယ်သန်း Avengers မှာ သန်း ၅၀၊ Iron man 3 တွင် သန်း ၅၀၊ Age of Ultron တွင် သန်း ၈၀၊ Civil war တွင် ၆၄ သန်း၊ Spiderman Home coming တွင် ၁၅ သန်း၊ Infinity war နှင့် Endgame တွင် ၇၅ သန်းနှင့် နောက်ဆုံး MCU တစ်ကျော့ပြန် Domsday တွင် သန်း ၈၀ အထိ ရရှိထားသည်။ SKY

## Dame Maggie Smith (Harry Potter မှ ပရော်ဖက်ဆာ) ကွယ်လွန်သွားခဲ့

ဝါနားဘရို၏ နာမည်ကျော် ဟယ်ရီပေါ်တာရုပ်ရှင်များတွင် ပရော်ဖက်ဆာအဖြစ် ပါဝင်ထားသည့် သရုပ်ဆောင် အသက် ၈၉ နှစ် အရွယ် မင်းသမီးကြီး ဒါမီမက်ဂီစမစ် ကွယ်လွန်သွားခဲ့၍ ပရိသတ်များ ဆုတောင်းပေးထားကြသည်ဟု ဟောလိဝုဒ် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အော်စကာရုပ်ရှင်မင်းသမီးကြီး ဒါမီမက်ဂီစမစ်သည် Chelsea ဆေးရုံနှင့် Westminster ဆေးရုံများတွင် ဆေးကုသမှုခံယူရင်း စက်တင်ဘာ ၂၇ ရက် နံနက်က ကွယ်လွန်သွားသည်ဟု ကျန်ရစ်သူမိသားစုက ထုတ်ပြန်အတည်ပြုထားသည်။

အသက် ၁၇ နှစ်နှင့် အနုပညာလောကသို့ ဝင်ရောက်ခဲ့ပြီး ၂၀၁၁ ခုနှစ်မှစ၍ Harry Potter ရုပ်ရှင်တွင် ပရော်ဖက်ဆာ မက်ဂေါ်နစ်ကယ်အဖြစ် ပါဝင်ခဲ့ကာ ကွယ်လွန်ချိန်တွင် သားနှစ်ဦးနှင့် မြေးငါးဦးကျန်ရစ်ခဲ့သည်။ SKY



## Aespa မှ Karina က Synchro You ရသစုံအစီအစဉ်တွင် ပါဝင်ထား

စက်တင်ဘာလလယ်တွင် ထွက်ရှိလာသည့် Synchro You အစီအစဉ်တွင် နိုင်ငံ့အချစ်တော် အမ်စီယူဂျေဆွတ်နှင့်အတူ အက်စပါမှ ကရီနာလည်း ပါဝင်ထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ အစီအစဉ်မှ AI နှင့် Dream Artist များကြားမှ အားပြိုင်မှုကို တင်ဆက်ထားပြီး သီချင်းကောင်းများလည်း နားဆင်ရမည်ဖြစ်ကာ Pilot ပရိုဂရမ်များထဲမှ အောင်မြင်ခဲ့သည့် အစီအစဉ်ဖြစ်၍ ပရိသတ်စိတ်ဝင်စားမှု ရရှိထားသည်။

နိုင်ငံ့အချစ်တော်အမ်စီယူဂျေဆွတ်နှင့်အတူ ဧည့်သည်သရုပ်ဆောင်များအဖြစ် အက်စပါမှ ကရီနာ၊ လီဂျူတ်၊ လီယောင်ဂျင်း၊ ဆဲဗင်းတင်းအဖွဲ့မှ ဟိုရှီနှင့် ဂျိုနာသန်တို့ ပါဝင်ထားကြသည်။ SKY



# သရက်သီးနံ့ အထွက်နှုန်းတိုးတက်ရေးနှင့် အရည်အသွေးပြည့်မီရေး နည်းပညာပေးသင်တန်း ဖွင့်လှစ်

**မန္တလေး စက်တင်ဘာ ၃၀**

အရေးကြီးသီးနှံများအပြင် သရက်စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအနေဖြင့် ဒေသထွက်သီးနှံများ ဈေးကွက်ဝင် တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ပြီး ပြည်တွင်းစားသုံးမှုသာမက ပြည်ပနိုင်ငံများသို့ပါ တင်ပို့ရောင်းချနိုင်ရေး၊ အရည်အသွေးပြည့်မီသော သီးနှံရရှိစေရေးအတွက် ဆောင်ရွက်ရမည့် နည်းပညာများကို ပိုမိုသိရှိနိုင်စေရန် အမရပူရမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ အမရပူရမြို့နယ်၊ တောတွင်းအုပ်စု၊ ရွာဦးကျောင်းဓမ္မာရုံတွင် ယမန်နေ့ မွန်းလွဲ ၁ နာရီက သရက်အထွက်နှုန်းတိုးတက်ရေးနှင့်အရည်အသွေးကောင်းမွန်ရေး နည်းပညာပေးသင်တန်းဖွင့်လှစ်ခဲ့သည်။



အဆိုပါ နည်းပညာပေးသင်တန်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမိုးဆွေရည်၊ သီးနှံကာကွယ်ရေးတာဝန်ခံ ဦးမြင့်ကြိုင်နှင့် သရက်သီးနှံ တာဝန်ခံ ဦးရဲနိုင်ဝင်းတို့က သရက်သီးနှံ အထွက်နှုန်းတိုးတက်စေရုံသာမက ပြည်ပပို့ကုန်အထိပါ အရည်အသွေးပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက်လိုက်နာဆောင်ရွက်ရမည့် နည်းပညာ၊ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးပို့ချပြီး တက်ရောက်လာသူ သရက်စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၏ သိရှိလိုသည့် မေးမြန်းချက်များကိုလည်း ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့သည်။

အဆိုပါသင်တန်းသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ သရက်စိုက်ပျိုးထုတ်လုပ်သူတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(ဝ၈၄)**

# အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ စားသုံးသူရေးရာအသိပညာပေး ဟောပြော

**ပခုက္ကူ စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၂၄ ရက် နံနက် ၁၀နာရီက စားသုံးသူရေးရာအသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးမြတ်မင်းနှင့်ဝန်ထမ်းများက စားသုံးသူပြည်သူများ၏အခွင့်အရေးနှင့် တာဝန်များ၊ ကုန်အညွှန်းအမှတ်အသားများ၊ စားသုံးသူကော်မတီအဆင့်ဆင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးနေမှုများ၊ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေအရ ကုန်စည်နှင့်ဝန်ဆောင်မှုကို တိုက်ရိုက်သုံးစွဲသူ ပြည်သူအများရရှိခံစားရမည့် အကျိုးကျေးဇူးများနှင့် သိရှိသင့်သည့် အချက်အလက်များအကြောင်းတို့ကို အသိပညာပေးရှင်းလင်း ဟောပြောကြသည်။

အဆိုပါ ဟောပြောပွဲတွင် ပခုက္ကူမြို့၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ဟောပြောမှုအပေါ် နားလည်မှတ်သားနိုင်မှု စွမ်းရည်များ မေးမြန်းကာ အဖြေမှန် ရရှိသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်း၊ စားသုံးသူရေးရာဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(၃၄၀)**



# ရာသက်ပန်ဆွမ်းပဒေသာပင် အလှူငွေပေးအပ်



**မန္တလေး စက်တင်ဘာ ၃၀**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်း ပြုလုပ်သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ(ဓမ္မာစရိယ B.A)အရှင်မြတ်က ရေစက်ချအနုမောဒနာ ဟောကြားချီးမြှင့်ပြီး မန္တလေးမြို့နေ ဦးအောင်သိန်း+ဒေါ်မြင့်မြင့်ကြည်၊ (သား) ကိုမိုးကျော်လွင်၊ ကိုစိုးလှိုင်ထွန်း+မအေးသက်ဆွေ မိသားစုက ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၁၈ သိန်း၊ ဖြည့်စွက်လှူဒါန်းငွေကျပ် တစ်သိန်း၊ စုစုပေါင်း ငွေကျပ် ၁၉ သိန်းကို ပေးအပ်လှူဒါန်းရာ ရုံးအဖွဲ့ဝင် ဦးမြင့်ကိုက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အဆိုပါအလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသောကထိကဆရာတော်များ သင်တန်းသား သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကာ လှူဖွယ်ပစ္စည်းမျိုးစုံတို့ကို တစ်ပါးချင်းစီ လှူဒါန်းခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ကဆ)**

# ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**တောင်တွင်းကြီး စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၊ရေဦးကျေးရွာတွင် ဒေသခံပြည်သူများအား ယမန်နေ့ နံနက် ၉နာရီက ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာနေဇော်အောင်၏ ကြီးကြပ်မှုဖြင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများသည် ကျေးရွာနေပြည်သူများအား ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်ခြင်း၊အရိုးအကြော၊ အပူလောင်ခြင်း၊ သွေးတိုးရောဂါစစ်ဆေးပေးခြင်းနှင့်လိုအပ်သည့် ဆေးကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ပြည်သူ့ကျန်းမာရေး ဆောင်ရွက်ပေးခြင်းကို တောင်တွင်းကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် တာဝန်ရှိသူများ၊ မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**တာချီလိတ် စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်ရဲမေတို့၏ စုပေါင်းသွေးလှူဒါန်းခြင်းကို ယမန်နေ့ နံနက် ၈ နာရီခွဲက ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ပြုလုပ်သည်။

သွေးလှူဒါန်းရာတွင် တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှ ကိုးဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှ ၁၉ ဦး၊ ရေကြောင်းရဲတပ်ဖွဲ့မှ ၁၃ ဦး၊ မှုးယစ်တပ်ဖွဲ့စုမှ လေးဦး၊ လေကြောင်းရဲတပ်ဖွဲ့စုမှ သုံးဦး၊ ကမ္ဘာလှည့်ရဲတပ်ဖွဲ့စုမှ သုံးဦး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ တစ်ဦး၊ သတင်းတပ်ဖွဲ့စုမှ တစ်ဦးနှင့် မိသားစုဝင်ရဲမေ ၁၅ ဦး၊ စုစုပေါင်း ၆၈ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းကြသည့် သွေးလှူရှင် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်ရဲမေများကို နယ်မြေခံတပ်နယ်မှ ယာယီဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး သန့်လှိုင်ဝင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ချမ်းမြေ့ဝင်းနှင့် ဇနီး ဒေါ်သန့်ကြည်ဖြူစိုးနှင့် တာဝန်ရှိသူတို့က ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စွက်စာများနှင့် အားဆေးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

# ဆီထွက်သီးနှံဆောင်းနေကြာ စတင်စိုက်ပျိုး

**မိုးနဲ စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးနဲမြို့နယ်တွင် စာသုံးဆီဖူလုံစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ဆီထွက်သီးနှံများ စိုက်ပျိုးလျက်ရှိရာ ဆိုက်ဖယ်ကျေးရွာ၌ ယမန်နေ့ နံနက် ၈ နာရီက ဆီထွက်သီးနှံ ဆောင်းနေကြာ ရေဆင်းစပ်မျိုး ၁ မျိုးစေ့ထုတ်စိုက်ခင်း စတင်စိုက်ပျိုးနေကြောင်း သိရသည်။



စိုက်ပျိုးရာနေရာသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မော်ဦးနှင့် ဝန်ထမ်းများက ကွင်းဆင်းသွားရောက်၍ လိုအပ်သောအကူအညီနှင့် နည်းပညာ ဖြန့်ဖြူးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားများသို့ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၃၀

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပျဉ်းမနားမြို့ မင်္ဂလာဗေယျ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိနှင့် ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ပျဉ်းမနားမြို့ မင်္ဂလာဗေယျ ပါဠိတက္ကသိုလ် ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဝိမလဗုဒ္ဓိထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်၊ သံဃာတော်များ ချီးမြှင့်အပ်သော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီး နှင့်ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကာ အနုမောဒနာတရား နာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှ ပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဇနီးတို့ ပျဉ်းမနားမြို့ မင်္ဂလာဗေယျ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ပျဉ်းမနား-တောင်ညိုလမ်းဘေးရှိ အမှတ်(၃) မင်္ဂလာကန်တော်၌ ကျင်းပသည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇီဝိတဒါန ငါးလွှတ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး မင်္ဂလာကန်တော် အတွင်းသို့ ငါးမြစ်ချင်းငါးမျိုးစိတ် ငါးသားပေါက်ကောင်ရေ ၁၀၀၀၀ ကို ဇီဝိတဒါနအဖြစ် လွှတ်ပေးကြသည်။

ထို့အတူ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် အဖြစ် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်၌ စေတီတော်မြတ်ကြီးအား ရွှေစင်ရွှေပြား တစ်ကျပ်သား ဆက်ကပ်လှူဒါန်းနိုင်ရန် အတွက် အလှူငွေကျပ် ၂၈၄၇၀၀၀ နှင့် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ "ကရုဏာကမ္ဘာ" ဘိုးဘွားရိပ်သာသို့ အလှူငွေကျပ် ၁၁၀၀၀၀၀ တို့ကို လှူဒါန်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။


သတင်းစဉ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဇနီးတို့ မင်္ဂလာကန်တော်အတွင်း ဇီဝိတဒါနငါးလွှတ်စဉ်။

*အထူးမိုးလေဝသသတင်း*

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်နိုင် လျှပ်တစ်ပြက်ရေကြီးခြင်း၊ မြေပြိုခြင်းနှင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှား




နေပြည်တော် စက်တင်ဘာ ၃၀

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အပူပိုင်းတက်တိမ်များ ဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း ယနေ့

စာမျက်နှာ ၇ သို့

## မိုးတိမ်တောင်ဖြစ်ထွန်းမှု မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၃၀

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တစ်ပြည်လုံးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

မိုး/ဇလ

၀-၀-၀-၀-၀